ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 17 September 2025 ၁၁၉၄၃

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခရေပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

## ပျိုးပင်ပေါင်း ၃၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုး

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အနီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ Naypyitaw State Academy၊ Naypyitaw State Polytechnic University၊ အစိုးရ စက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ခရေပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



ကြေးမုံ

# ကမ္ဘာ့အိုဇုန်းလွှာပျက်စီးလာမှုကိုလျှော့ချ အစားထိုးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့သည် “ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့” ဖြစ်သည်။ ယခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ “အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံး မြှင့်တင်ဆောင်ရွက်ပေး” ဟူ၍ဖြစ်သည်။ ကမ္ဘာကြီး ထိခိုက်ပျက်စီးခြင်းမဖြစ်စေရန် အကာအကွယ်ပေးထားသည့် အိုဇုန်းလွှာကြီးမပျက်စီးအောင် တစ်ကမ္ဘာလုံးက သိပ္ပံပညာဖြင့် မြှင့်တင်ဆောင်ရွက်ပေးမှသာ ကမ္ဘာကြီးကို ကာကွယ်စောင့်ရှောက်ပေးနိုင်မည်ဖြစ်သည်။

ကမ္ဘာကြီးကို လွှမ်းခြုံထားသော လေနှင့် နေရောင်ခြည်သည် ကမ္ဘာမြေအတွက်၊ သက်ရှိသတ္တဝါများနှင့် လူသားများအတွက် ကောင်းကျိုးများစွာ အကျိုးပြုလျက်ရှိသည်။ သို့သော် နေရောင်ခြည်ကို လွန်ကဲစွာ ထိတွေ့ခံစားရခြင်းနှင့် လေထုညစ်ညမ်းပါက ဆိုးကျိုးများစွာဖြစ်စေနိုင်သည်။ နေရောင်ခြည်တွင်ပါဝင်သော ခရမ်းလွန်ရောင်ခြည်နှင့် ထိတွေ့မှုများသောအခါ လူ၏အရေပြားကို ထိခိုက်တတ်သည်။ ခရမ်းလွန်ရောင်ခြည်သည် ခန္ဓာကိုယ်ခုခံကာကွယ်နိုင်စွမ်းထက် ပိုများလာသောအခါ နေလောင်ခြင်းဝေဒနာကို ခံစားရသည်။ အန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်ကို အိုဇုန်းလွှာက ကာကွယ်ပေးထားသည်။

အိုဇုန်းလွှာသည် လေထုအတွင်း သဘာဝအလျောက်တည်ရှိသည့် အိုဇုန်းဓာတ်ငွေ့များဖြင့် ဖွဲ့စည်းထားသော ပါးလွှာသည့်အလွှာတစ်ခုဖြစ်သည်။ နေရောင်ခြည်တွင်ပါဝင်သော အန္တရာယ်ရှိသည့် ခရမ်းလွန်ရောင်ခြည်ကျရောက်မှုမှ ကမ္ဘာမြေကို အကာအကွယ်ပေးထားသည်။ ကမ္ဘာပေါ်ရှိ လူသားများ၊ သက်ရှိများနှင့် အပင်များ ရှင်သန်ရပ်တည်နိုင်ရေးအတွက် အထောက်အကူပြုသည်။ သဘာဝက ဖန်တီးပေးထားသော အိုဇုန်းလွှာပျက်စီးပါက နေရောင်ခြည်နှင့်အတူပါလာသည့် အန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်များ တိုက်ရိုက်ကျရောက်ကာ လူနှင့် သတ္တဝါများ ရောဂါဘေးအန္တရာယ်များနှင့် ကြုံတွေ့နိုင်သည်။

အိုဇုန်းလွှာပျက်စီးခြင်းအကြောင်းမှာ အအေးပေးစက်နှင့် မီးသတ်ဆေးဘူးများတွင် အသုံးပြုသော ပေါင်းစပ်ဓာတ်ငွေ့အရည် သို့မဟုတ် အအေးပေးဓာတ်ပစ္စည်းများ လေထုထဲသို့ ရောက်ရှိသွားသောအခါ အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေသည့်အပြင် လေထုအပူချိန်ပါတိုးလာသဖြင့် ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေသည်။ ကလိုရင်းပါဝင်သော ဓာတ်ငွေ့များသည် အိုဇုန်းလွှာကိုပျက်စီးစေသော အဓိကဓာတ်ငွေ့များဖြစ်သည်။ မှန်လုံအိမ်အာနိသင်သည် နေရောင်ခြည်မှကျရောက်သော အပူစွမ်းအင်နှင့် ကမ္ဘာ့မြေမျက်နှာပြင်မှ ပြန်ထွက်လာသော အပူစွမ်းအင်ကို ဖမ်းယူထားသဖြင့် ကမ္ဘာ့လေထုကို ပိုမိုပူနွေးစေသည်။ နေမပူဘဲ ပူလောင်မှုကို ခံစားနေရသည်မှာ မှန်လုံအိမ်အာနိသင် မြင့်မားနေသောကြောင့်ဖြစ်သည်။

ကမ္ဘာကြီးပေါ်သို့ အပူကျရောက်မှု၊ ကမ္ဘာကြီးမှ အပူပြန်မှုလျော့ပါးသက်သာစေရန် အိုဇုန်းလွှာက အကာအကွယ်ပေးထားသည်။ ယနေ့ကမ္ဘာတွင် အပူချိန်စံချိန်တင်မြင့်တက်မှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိပြီး အပူချိန်မြင့်တက်လာသည်နှင့် အမျှ အအေးပေးရန် လိုအပ်ချက်များလည်း လျင်မြန်စွာတိုးတက်လာသည်။ အအေးပေးစက်သုံးလေ အပူချိန်မြင့်တက်လေဖြစ်ပြီး ကမ္ဘာကြီးပူနွေးလာမှုကို လျော့ပါးသက်သာစေရန် သိပ္ပံပညာဆိုင်ရာ သုတေသနနှင့် တီထွင်မှုများဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ သိပ္ပံပညာရှင်များနှင့် သုတေသနပညာရှင်များသည် အိုဇုန်းလွှာပျက်စီးမှုကို လေ့လာဆန်းစစ်ပြီး အိုဇုန်းလွှာပျက်စီးစေသည့် ဓာတ်ပစ္စည်းများကို လျှော့ချရန်၊ အပြီးသတ်ရပ်ဆိုင်းရန်၊ အစားထိုးအသုံးပြုရန် ကြိုးပမ်းကြံဆလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ လှုပ်ရှားမှုများတွင် ကမ္ဘာ့နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ သိပ္ပံပညာရပ်ဆိုင်ရာ တွေ့ရှိချက်နှင့်အညီ ပြင်ဆင်ချမှတ်ခဲ့သည့် ကီဂါလီပြင်ဆင်ချက်သည် သိသာထင်ရှားသော လုပ်ဆောင်ချက်ဖြစ်သည်။ ယင်းကို ကမ္ဘာလုံးဆိုင်ရာ အတည်ပြု၍ စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးပြုခြင်းများအပါအဝင် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အပြည့်အဝ အကောင်အထည်ဖော်နိုင်မည်ဆိုပါက ယခုရာစုနှစ်အကုန်တွင် ကမ္ဘာကြီးပူနွေးလာမှုကို တစ်ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခြင်းမှ ရှောင်ရှားနိုင်မည်ဖြစ်သည်။

ကီဂါလီပြင်ဆင်ချက်ကို ကမ္ဘာလုံးဆိုင်ရာ အတည်ပြုလက်မှတ်ရေးထိုးပြီးပါက ကမ္ဘာကြီးပူနွေးမှု အလားအလာမြင့်မားစေသည့် ဟိုက်ဒရိုဖလူရိုကာဗွန်သုံးစွဲခွင့်ကို လျှော့ချမည်ဖြစ်ပြီး ကမ္ဘာကြီးပူနွေးမှု အလားအလာနည်းပါးသည့် ဟိုက်ဒရိုကာဗွန် သို့မဟုတ် အမိုးနီးယားကဲ့သို့ အစားထိုးအအေးပေးပစ္စည်းများကို အသုံးပြုရမည်ဖြစ်ရာ အိုဇုန်းလွှာပျက်စီးမှုကို လျှော့ချစေမည့် သို့မဟုတ် ကမ္ဘာကြီးပူနွေးမှုကို အကာအကွယ်ပေးမည့် အစီအစဉ်များတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး မပျက်မကွက် ပူးပေါင်းပါဝင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးပပထွန်းကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## သာယာဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**သာယာဝတီ စက်တင်ဘာ ၁၆**

၂၀၂၅ ခုနှစ် သာယာဝတီခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက သာယာဝတီခရိုင် အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ သာယာဝတီခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေးက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

အဆိုပါအမျိုးသမီးဘောလုံးပြိုင်ပွဲကို သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်မြို့နယ်အသင်းတို့က ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ယနေ့တွင် သာယာဝတီမြို့နယ်အသင်းနှင့် မိုးညိုမြို့နယ်အသင်းတို့ ယှဉ်ပြိုင်နေမှုကို သာယာဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဘောလုံးဝါသနာရှင်ဒေသခံပြည်သူများ ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ မှုခင်းကျဆင်းရေး ပညာပေးဟောပြော

**ပန်းတောင်း စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ပညာရေးမှူးရုံးနှင့်မြို့နယ်သတင်းစာဆရာအသင်းရုံးတို့ ပူးပေါင်းကျင်းပသော မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ထုံးဘိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ရဲအောင်ခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ထုံးဘိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ငြိမ်းငြိမ်းက အမှာစကားပြောကြားပြီး မြို့နယ်သတင်းစာဆရာအသင်းနာယက ဦးမြင့်ငွေး(မြင့်ငွေး-ရွှေပင်မြေ)က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေး၊ ထုံးဘိုနယ်မြေရဲစခန်းစခန်းမှူး ဝဏ္ဏရွှေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးနှင့် ဒုစရိုက်မှုခင်းများ ဖြစ်ပွားရခြင်း၊ မြို့နယ်သတင်းစာဆရာ အသင်းဥက္ကဋ္ဌ ဦးအောင်မြင့်(အောင်မြင့်-ပန်းတောင်း)က သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေးနှင့် မှုခင်းများ ကြိုတင်ကာကွယ်ခြင်းတို့နှင့် ပတ်သက်၍ ဟောပြောကြသည်။

**အောင်မြင့်(ပန်းတောင်း)**

## ၁၆ - ၉ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၇၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၆ - ၉ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၄၀၀ | ၂,၂၇၂ | ၁၆,၈၁၂,၈၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၅၈၅ | ၁,၈၂၇,၇၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၀ | ၀ |
| FPB | ၁,၉၅၀ | ၂,၀၀၀ | ၉,၀၃၆ | ၁၈,၀၄၇,၀၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၃၅၁ | ၉၁၅,၁၀၀ |
| EFR | ၁,၈၅၀ | ၁,၉၀၀ | ၁,၄၆၃ | ၂,၇၇၁,၅၅၀ |
| AMATA | ၃,၂၀၀ | ၃,၃၀၀ | ၁၆၅ | ၅၂၉,၅၀၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၃၉၄ | ၁,၃၀၀,၂၀၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၆၈၁ | ၁,၈၃၈,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | | အကြီးတန်း သတင်းထောက်များ | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| ခေတ္တ စာတည်းမှူး | - အေဝမ်းစိုး | | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | | သုတေသန | - ဇင်မာဝင့် |
| | | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။

☆ **ရွှေဖုံးမှ**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"** ဆိုသည့် နိုင်ငံတော်၏ မူဝါဒနှင့်အညီ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ်ကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးစသည့် ရည်ရွယ်ချက်ကောင်းများနှင့် နိုင်ငံတော်က ဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပျိုးပွဲများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် အရောင်အသွေးစုံလင်ပြီး ရနံ့မွှေးပျံ့သော ပန်းများပွင့်သည့် အရိပ်ရသစ်မျိုး ၁၈ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယနေ့စိုက်သည့် နှစ်ရှည်ပင်များသည် အထူးအစီအစဉ်ဖြင့် စိုက်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး၊ အကြီးဆုံးဖြစ်သည့် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး တည်ထားသည့် ပရိဝုဏ်တော်ထဲတွင် သီးခြားစိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ၁၂ လ ရာသီပန်းရနံ့များဖြင့် ဝေဆာစွာရှိနေစေရန် ပူဇော်နိုင်အောင် ရည်မှန်းပြီး သီးသန့်ရွေးချယ်စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ပိတောက်၊ ခရေ၊ ကံ့ကော်၊ အင်ကြင်း၊ တမာ၊ စံကားဝါ၊ ပနားမားငုံ၊ စွယ်တော် အပါအဝင် ၁၈ မျိုး စိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း။

ယခုနှစ်တွင် ထူးခြားချက်မှာ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများကို ဇူလိုင် ၁၁ ရက်က နိုင်ငံတော်အဆင့်အနေဖြင့် ပထမဆုံးအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်ပြိုင်တည်း ကျင်းပစိုက်ပျိုးခဲ့ကြကြောင်း၊ မြို့နယ် ၂၉ မြို့နယ်တွင် သစ်ပင်ပေါင်း ၃၅၀၀၀ ခန့်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း။

ဒုတိယအကြိမ်အဖြစ် ဩဂုတ် ၁၉ ရက်က မင်းဘူးမြို့နယ် မင်းဘူး-ပဒါန်း-အမ်း ကားလမ်းဘေးတစ်လျှောက်တွင် သစ်မျိုး ခုနစ်မျိုး၊ သစ်ပင်ပေါင်း ၁၀၀၀ စိုက်ပျိုးခဲ့ကြကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကလည်း ယခုနှစ်မိုးရာသီတွင် နိုင်ငံနှင့်အဝှမ်း နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်စုစုပေါင်း ၂၁ ဒသမ ၈၇၉ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့သည်ကို သိရသည့်အတွက် ကျေနပ်အားရဝမ်းသာမိသည်ကို ပြောကြားလိုကြောင်း။ **စာမျက်နှာ ၄ သို့** ☆

**"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့" ဆိုသည့် နိုင်ငံတော်၏မူဝါဒနှင့်အညီ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ်ကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးစသည့် ရည်ရွယ်ချက်ကောင်းများနှင့် နိုင်ငံတော်က ဦးဆောင်ပြီး ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပျိုးပွဲများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပိတောက်ပင်အား စိုက်ပျိုးပေးစဉ်။

☆ စာမျက်နှာ ၃ မှ

သစ်ပင် သစ်တောများသည် **လူသားများအပါအဝင် ကမ္ဘာပေါ်တွင်ရှိသည့် သက်ရှိသတ္တဝါများ အားလုံး၏ အသက်ရှင်ရပ်တည်ရေးအတွက် အောက်ဆီဂျင်ကို ထုတ်လုပ်ပေးနိုင်သည့် တစ်ခုတည်းသော ဂေဟစနစ်ဖြစ်သည့်အတွက် အသက်ပံ့ပိုးမှုစနစ် (Life Supporting System) အဖြစ် သတ်မှတ်ထား**ကြောင်း၊ ထို့ပြင် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုများကိုလည်း တားဆီးကာကွယ်ပေးကြောင်း၊ ရေနှင့် မြေဆီလွှာ ထိန်းသိမ်းရေး၊ စားရေရိက္ခာဖူလုံရေးစသည့် ဂေဟစနစ်ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးသည့်အတွက် စနစ်တကျစိုက်ပျိုးခြင်း၊ စီမံအုပ်ချုပ်ခြင်းဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုသေချာပေါက် အထောက်အကူပြု အကျိုးရှိစေမည်ဖြစ်ကြောင်း။

နိုင်ငံနှင့်အဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း၊ အပူပိုင်းဒေသ (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း၊ ကမ်းရိုးတန်း ဒီရေတောများ ဘက်စုံစီမံအုပ်ချုပ်ခြင်း စီမံကိန်းစသည့် စီမံကိန်းများကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ ကျေးလက်ဒေသ ပြည်သူများအတွက် တစ်ရွာနှစ်ဧက စိုက်ခင်းများ၊ ကျေးရွာထင်းစိုက်ခင်းများနှင့် ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ခြင်း၊ အာဆီယံ လမ်းဘေးဝဲယာ၊ ပြည်ထောင်စုလမ်းမကြီး ဘေးဝဲယာ၊ ရန်ကုန်-မန္တလေး အမြန်လမ်းဘေးဝဲယာ အပါအဝင် ကားလမ်းများ၏ ဘေးဝဲယာများတွင် အရိပ်ရအပင်များ၊ တစ်အုပ်တစ်မသစ်တောငယ်များ စိုက်ပျိုးတည်ထောင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ရထားလမ်းဘေးဝဲယာ တစ်လျှောက်နှင့် သစ်ပင်သစ်တော ကျဲပါးသည့် တောင်ကုန်း တောင်ထိပ်များ၊ မြစ်ချောင်းများ၏ ရေဝေရေလဲဧရိယာများနှင့် သဘာဝရေထွက်ဧရိယာများတွင် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း တို့ကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

အမှန်တကယ်မှာ သစ်ပင်စိုက်ပျိုးခြင်းသည် ယခုကဲ့သို့ပွဲတော်များ၊ အခမ်းအနားများနှင့် စိုက်ပျိုးခြင်းထက် လုပ်ရိုးလုပ်စဉ် မိရိုးဖလာသဘာဝတွင်လည်း ရှိပြီးကိစ္စဖြစ်ကြောင်း၊ မိမိအိမ်ဝင်းခြံထဲ၊ အိမ်ပတ်ဝန်းကျင်၊ မိမိရပ်ရွာဝန်းကျင်၊ မိမိလယ်ယာပတ်ဝန်းကျင်၊ မိမိစက်ရုံအလုပ်ရုံဝန်းကျင်၊ လက်လှမ်းတမီ နေရာများတွင် တစ်ဦးချင်းကဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ပင်၊ နှစ်ပင်၊ သုံးပင်စသည်ဖြင့် တတ်နိုင်သလောက် ရှင်သန်အောင် နှစ်စဉ်နှစ်တိုင်းစိုက်ပျိုး ထူထောင်သွားကြမည်ဆိုပါက မိမိတို့ရည်မှန်းသည့် နိုင်ငံတော်တွင် သစ်တောလွှမ်းခြုံမှု ၅၀ ရာခိုင်နှုန်း ရှိစေရေး၊ သစ်တောသစ်ပင် တိုးတက်ရေးနှင့် စိမ်းလန်းစိုပြည်ရေးသည် မလွဲမသွေ တိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုကိစ္စသည် လုပ်ရိုးလုပ်စဉ် အလုပ်လည်းဖြစ်၊ ပင်ပင်ပန်းပန်းလည်းမဟုတ်၊ ဆင်းရဲဒုက္ခများသဖြင့် လုပ်ကြမည်၊ လုပ်နိုင်ကြမည်ဆိုပါက အလွန်အကျိုးရှိသော ကုသိုလ်ရမည့်လုပ်ဆောင်မှုဖြစ်လိမ့်မည်ကို ပြောကြားလိုကြောင်း၊ **ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲသည် မြတ်စွာဘုရားကို ထာဝရပူဇော်နိုင်ရန် ရည်ရွယ်ပြီး အရောင်၊ အဆင်း၊ အနံ့နှင့်ပြည့်စုံသည့် နှစ်ရှည်ပင်များကို စိုက်ပျိုးခြင်းဖြစ်သည့်အတွက်ကြောင့် ရှင်သန်ဖြစ်ထွန်းအောင်အထူးစေတနာထားဆောင်ရွက်သွားကြရန် တိုက်တွန်းလို**ကြောင်း။

**“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့”** ဆိုသည့် နိုင်ငံတော်၏ မူဝါဒနှင့်အညီ နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် နိုင်ငံအဝန်း မြို့ပြများနှင့် ရပ်ရွာ၊ ကျေးလက်ဒေသ အသီးသီးတွင် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သစ်တောမြေယာရှုခင်း (Land-scape) များ၊ အစိမ်းရောင်ဧရိယာ (Green Space) များကို စဉ်ဆက်မပြတ် တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထားဆောင်ရွက်ပေးကြရန်၊ လူတိုင်း လူတိုင်း၊ အိမ်ထောင်စုတိုင်း၊ ကျေးရွာ၊ ရပ်ကွက်တိုင်း သစ်ပင်စိုက်ပျိုးကြရေး စည်းရုံးဆောင်ရွက်ကြရန်၊ ယခုကဲ့သို့ အချိန်၊ လူအင်အားနှင့် ငွေကုန်ကြေးကျခံပြီး စိုက်ပျိုးထားသည့်အပင်များကို တစ်ပင်စိုက်တစ်ပင်ရှင်ဖြင့် အားလုံးရှင်သန်အောင် ဝိုင်းဝန်းထိန်းသိမ်းပြုစုသွားကြရန်၊ နိုင်ငံအဝန်း သစ်ပင်သစ်တောများ စနစ်တကျ စိုက်ပျိုးထိန်းသိမ်းစီမံအုပ်ချုပ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ခရေပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက် လာကြသည့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင် အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ကျောင်းသားကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် အရောင်အသွေးစုံလင်ပြီး ရနံ့မွှေးပျံ့သော ပန်းများပွင့်သည့် အရိပ်ရသစ်မျိုးများ ဖြစ်သော ပိတောက်၊ ခရေ၊ ကံ့ကော်၊ အင်ကြင်း၊ တမာ၊ စကားဝါ၊ ပနားမားငု၊ စွယ်တော်အပါအဝင် သစ်မျိုး ၁၈ မျိုး ပျိုးပင်ပေါင်း ၃၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၆

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် တက်ရောက်သည်။

အဆိုပါ အားကစားပြိုင်ပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် အမျိုးသား အမျိုးသမီး(မီတာ ၁၀၀) အပြေးပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး(မီတာ ၁၅၀၀)အပြေးပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီး (မီတာ ၄၀၀) လက်ဆင့်ကမ်း ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အမျိုးသားတံခွန်စိုက်ဒိုင်းကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းကလည်းကောင်း၊ အမျိုးသမီး တံခွန်စိုက်ဒိုင်းကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် အသင်းကလည်းကောင်း၊ အမျိုးသားအမျိုးသမီး စုပေါင်း တံခွန်စိုက်ဒိုင်းကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)အသင်းကလည်းကောင်း အသီးသီးရရှိပြီး ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများနှင့် အသင်းလိုက် ဆုရရှိကြသူများအား တာဝန်ရှိသူများကလည်းကောင်း၊ အမျိုးသား အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်ကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆု၊ ဆင့်ပွားဒိုင်းနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။



အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ပစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် စက်တင်ဘာ ၁၂ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟန်ကျင့်နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟန်ကျင့်နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၆**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နန်နင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟန်ကျင့်နှင့် ယနေ့ညနေပိုင်းတွင် နန်နင်းမြို့ရှိ လိယွမ် နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ဆက်လက်တိုးမြှင့်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံအပြန်အလှန် အထောက်အကူပြုလျက်ရှိသည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုနှင့် အွန်လိုင်းလိမ်လည်မှု အပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်နိုင်ငံအနေဖြင့် မန္တလေးငလျင်ကြီး အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင် ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်အတူ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီ အတွင်းရေးမှူး မစ္စတာချန်ကန်း၊ အုပ်ချုပ်ရေးမှူး မစ္စတာဝေတောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် (၂၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်- အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဖိုရမ် ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံနိုင်ငံများ၊ ဖိတ်ကြားထားသည့်နိုင်ငံများမှ အကြီးအကဲများနှင့်အတူ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်အဖွဲ့ဝင်များ လျိုကျိုးမြို့ရှိ Guangxi Liugong Machinery Co.,Ltd. ၏ Global R & D Center တွင် လေ့လာကြစဉ်။

**❖ ကျောဖုံးမှ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များ၊ ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်း၊ ပြည်ပ ဈေးကွက်များသို့ အမယ်သစ်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ တင်ပို့နိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့်အတွက် တရုတ်နိုင်ငံအနေဖြင့် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ လာရောက် ဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံက ကြီးမှူးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်တွင် ပါဝင်သည့် ဦးစားပေးနယ်ပယ်ရှစ်ခုတွင် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေသောကြောင့် လုပ်ငန်းရှင်များ လာရောက်ရင်းနှီး မြှုပ်နှံမှုများ ဆောင်ရွက်ရန် အခွင့်အလမ်းကောင်းများ များစွာရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယုံကြည်စွာ လာရောက်ရင်းနှီး မြှုပ်နှံနေသည့် စီးပွားရေး လုပ်ငန်းရှင်များအတွက် စီးပွားရေး ပတ်ဝန်းကျင်ကောင်း တစ်ခုဖြစ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ငန်းများဆောင်ရွက်နေသူများအနေဖြင့်လည်း ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက တင်ပြစေလိုပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းကာ ကူညီပံ့ပိုးသွားမည် ဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်း ဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းများ၊ မူဝါဒများနှင့်အညီ ပို့ကုန်သွင်းကုန် တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လိုမှုများနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည် ဆွေးနွေးဖြေကြားပြီး နိုင်ငံတော် ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားသည်။

နံနက်ပိုင်းတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လျိုကျိုးမြို့ရှိ Guangxi Liugong Machinery Co.,Ltd. ၏ Global R & D Center သို့ သွားရောက်လေ့လာကြရာ ကုမ္ပဏီမှတာဝန်ရှိသူများက စက်ရုံမှအဆင့်မြင့်နည်းပညာများဖြင့် ဆန်းသစ်တီထွင် ထုတ်လုပ်လျက်ရှိသည့် စက်ယန္တရားကြီးများ၊ EV စက်ယန္တရားကြီးများနှင့် စက်ပစ္စည်းအစိတ်အပိုင်းများ၊ စက်ရုံမှ ထုတ်လုပ်သည့် EV Loader ဖြင့် အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များ၌ အဝေးထိန်းစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်မှုပြကွက်နှင့် ကမ္ဘာတစ်ဝန်း စီမံကိန်းကြီးများတွင် စက်ရုံထုတ် စက်ယန္တရားကြီးများဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိသည့် ပြကွက်တို့ကို ရှင်းလင်းပြသပြီး နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ လှူဒါန်းရန် နှိုးဆော်

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၇ ခုနှစ်၊ မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို စည်ကားသိုက်မြိုက် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ စေတနာရှင်အလှူရှင်များအနေဖြင့် အလှူငွေများ ပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်ထားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅)၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁၂၅၃၄၃၁၇၊ ၀၉၄၅၀၀၉၀၄၈၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မြန်မာနိုင်ငံစာရေးဆရာအသင်း**



(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်က လားရှိုးမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် ရဲတပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်း၊ မိသားစုဝင် စုစုပေါင်း ၄၀ တို့ စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(လားရှိုး) ရဲမှူးကြီး သန့်ဇင်၊ လားရှိုးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အောင်၊ အမှတ်(၆)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး သက်ထွန်း၊ လားရှိုးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲဝင်း၊ သတင်းရဲတပ်ဖွဲ့မှ ရဲမှူးစိုးနိုင်၊ အမှတ်(၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (လားရှိုး)မှ ရဲမှူးမျိုးထိုက်၊ အမှတ်(၁၇)မှုခင်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး လင်းလင်းကိုတို့က အားပေးခဲ့ကြစဉ်။ ခရိုင်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပြန်လည်ဆောင်ကြဉ်းနိုင်ခဲ့တဲ့ နိုင်ငံရဲ့ဂုဏ်သိက္ခာ ထာဝရထွန်းလင်းတောက်ပစေဖို့ ....

နေမင်းသျှင်

**ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်း ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံတော်ကြီး အဆင့်အတန်းတစ်ခုဆီ တိုးတက်မြင့်မားသွားခဲ့တာကို သတိထားမိသူတွေ ရှိပါလိမ့်မယ်။ တချို့လည်း ကိုယ့်ပတ်ဝန်းကျင်မှာ ဘာမှမပြောင်းလဲသွားတာကြောင့် မထူးပါဘူးကွာလို့ပဲ ရှုမြင်မိကြမှာပါ။**

ဒါတင်မက ဘာတွေတိုးတက်၊ ဘာတွေမြင့်မားသွားတာလဲလို့ ပြန်ပြီးမေးခွန်းထုတ်ချင်ကြမှာပါ။ ဒီအတွက်အဖြေကို ရှင်းရှင်းလင်းလင်းသိရအောင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀ ကျော်လောက်ကစပြီး ဒီကနေ့အချိန်အထိ ကမ္ဘာနဲ့ မြန်မာအကြောင်းကို နောက်ကြောင်းပြန်အကျဉ်းချုံးကြည့်ဖို့ လိုမယ်ဖြစ်ပါတယ်။ ပစ္စုပ္ပန်မှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေဟာ အတိတ်မှာဖြစ်ခဲ့တဲ့ အကြောင်းအရာတွေနဲ့ ဆက်စပ်ယှက်နွယ်နေတာဖြစ်တဲ့အတွက် အတိတ်ကိုသိမှသာ ပစ္စုပ္ပန်ကို မှန်မှန်ကန်ကန် နားလည်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း **“သမိုင်းကိုသင်တာ မအ အောင်လို့”** ဆိုတဲ့ သမိုင်းပါမောက္ခ ဆရာကြီးဒေါက်တာသန်းထွန်းရဲ့ အဆိုအမိန့်ဟာ ထင်ရှားခဲ့တာပဲ မဟုတ်လား။

ကျွန်တော်တို့ အသက်အရွယ်တွေ ဖြတ်သန်းခဲ့ကြရတဲ့ ၂၀ ရာစုထဲမှာ ကမ္ဘာစစ်ကြီး နှစ်ကြိမ်ဖြစ်ခဲ့ဖူးတာ အားလုံးအသိပါ။ ကမ္ဘာ့ဒေသအနှံ့အပြား မြေပြင်၊ ရေပြင်၊ ဝေဟင်အားလုံးမှာ အရင်းအမြစ်အားလုံးပုံအောသုံးစွဲပြီး မီးကုန်ယမ်းကုန်တိုက်ခိုက်ခဲ့ကြတဲ့ အဲဒီစစ်ပွဲကြီးနှစ်ကြိမ်စလုံးမှာ လူသားသန်းပေါင်းများစွာ သေကျေ၊ နောက်ထပ်သန်းပေါင်းများစွာ လူဖြစ်ရှုံးလောက်အောင် ဒဏ်ရာရ၊ နောက်ထပ်သန်းပေါင်းများစွာ မိသားစုဘဝတွေ ပျက်စီးခဲ့ကြရပါတယ်။ မြို့တွေ၊ ရွာတွေ၊ သမိုင်းဝင်အဆောက်အအုံတွေ၊ လူသားတစ်ရပ်လုံးနဲ့ဆိုင်တဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ အမြောက်အမြား ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ စစ်ပွဲကြီးတွေအတွင်းမှာ လူတွေဟာ တိရစ္ဆာန်တွေထက် ရက်စက်ကြမ်းကြုတ်တဲ့အပြုအမူတွေ၊ လူ့ဂုဏ်သိက္ခာကင်းမဲ့စေတဲ့ လုပ်ရပ်တွေကို အံ့သြထိတ်လန့်ဖွယ်ရာကောင်းလောက်အောင် အလွန်အကျွံလုပ်ခဲ့ကြတာကိုလည်း တွေ့ခဲ့ကြရပါတယ်။

**အရင်းစစ်တော့ အမြစ်မြေကဆိုသလို ကမ္ဘာနဲ့ချီပြီးဖြစ်ခဲ့တဲ့ ကမ္ဘာစစ်ကြီးနှစ်ကြိမ်စလုံးဟာ အရင်းရှင်နယ်ချဲ့စနစ်ထဲမှာ ဖြစ်ခဲ့တာဖြစ်ပြီး စစ်မီးစတောက်ခဲ့တာကလည်း အနောက်ဥရောပနိုင်ငံတွေမှာဖြစ်ပါတယ်။ နှစ်ပေါင်း ၈၀ ကျော် ကြာမြင့်ပြီးတဲ့နောက်မှာတော့ အရင်းရှင်စနစ်ဟာ ဈေးကွက်စီးပွားရေးစနစ်အဖြစ် အသွင်ပြောင်းသွားခဲ့သလို ကမ္ဘာစစ်ကြီးတွေကို ဖန်တီးခဲ့ကြတဲ့ လက်သည်နိုင်ငံတွေကလည်း ဒီမိုကရေစီနဲ့ လစ်ဘရယ်ဝတ်ရုံကိုခြုံပြီး တစ်ချိန်က သူတို့သံဖနောင့်အောက်မှာ နင်းပြားဖြစ်ခဲ့ဖူးတဲ့ ကျွန်တော်တို့လိုနိုင်ငံလေးတွေကို လူ့အခွင့်အရေးသင်ခန်းစာတွေ တစ်ခုပြီးတစ်ခု ပေးတဲ့သူတွေဖြစ်လာခဲ့ကြပါတယ်။**

သူတို့လို အသားအရောင် ဖြူစပ်စပ်၊ နီစုပ်စုပ်မဟုတ်တဲ့ လူညို၊ လူဝါ၊ လူမည်းတွေကို လူဖြူတွေရဲ့ ဒုက္ခအိုး(Whiteman Burdan)လို့ ဆိုခဲ့တဲ့သူတွေက အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေးလက်ချာတွေ ပေးခဲ့ကြသလို လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု စတာတွေနဲ့လည်း ဟိုနိုင်ငံလက်ညှိုးထိုး၊ ဒီနိုင်ငံလက်ညှိုးထိုး လုပ်ခဲ့ကြပါတယ်။ အဲဒီလို စွပ်စွဲရုံမျှမကဘဲ အကျပ်ကိုင်တာ၊ ဖိနှိပ်တာ၊ ပိတ်ဆို့တာတွေကို အုံနဲ့ကျင်းနဲ့ ဝိုင်းလုပ်ခဲ့ကြပါတယ်။

တကယ်တော့ အဲဒီလိုစွပ်စွဲတဲ့အမှုမျိုးတွေကို ပြီးခဲ့တဲ့ကမ္ဘာစစ်နဲ့ စစ်အေးကာလက ဒေသဆိုင်ရာစစ်ပွဲတွေမှာ သူတို့ နိုင်ငံတွေကိုယ်တိုင်က ကျူးလွန်ခဲ့ကြတာ အထင်အရှားပါ။ သူတို့ရဲ့ အတိတ်ကိုဖုံးကွယ်ဖို့၊ မှိန်ဖျောက်ဖို့အတွက် ပစ္စုပ္ပန်မှာ တရားခံရှာနေကြပုံမျိုးပါ၊ ဒါပေမဲ့လည်း သူတို့နဲ့ ဘက်တစ်ဖက်တည်းမှာရှိတဲ့ နိုင်ငံမျိုး၊ တစ်နည်းအားဖြင့် သူ့လူတွေက ကျူးလွန်တဲ့ကိစ္စမျိုးတွေမှာတော့ မသိချင်ယောင်ဆောင်လွှတ်ပေးထားတဲ့အပြင် အကာအကွယ်ပါပေးတတ်တာကြောင့် သူတို့ဟာ မူတစ်ခုကို စံနှစ်မျိုးကျင့်သုံးသူတွေဖြစ်လာပြီး သူတို့ဦးဆောင်တဲ့ ကမ္ဘာ့အစီအစဉ် (World Order) ကြီးကလည်း တစ်ဖက်စောင်းနင်းဖြစ်လာပါတယ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်တင်ဘာ ၁ ရက်က တရုတ်နိုင်ငံ တီယန်ကျင်းမြို့၌ ကျင်းပခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။

## နိုင်ငံကြီးငယ်ခွဲခြားမှုတွေရှိနေ

ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက် နယ်ချဲ့အင်ပါယာတွေ တစ်ခုပြီးတစ်ခု ပျောက်ကွယ်သွားခဲ့ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံတွေ အမြောက်အမြားပေါ်ထွက်လာတဲ့ ကမ္ဘာ့အခင်းအကျင်းကို စစ်နိုင်မဟာမိတ်နိုင်ငံတွေက ဦးဆောင်ခဲ့တာဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့အချိန်မှာ ၂၀ ရာစု ထက်ဝက်ကျိုးပြီဖြစ်သလို နည်းပညာတိုးတက်မှု အရှိန်အဟုန် မြန်ဆန်လာတာနဲ့အမျှ နောက်ထပ်ကမ္ဘာစစ်ကြီးဖြစ်ခဲ့မယ်ဆိုရင် ကမ္ဘာပျက်မယ့်အခြေအနေမျိုး ဖြစ်လာမှာကို စိုးရိမ်ကြတာကြောင့် ကမ္ဘာစစ်မဖြစ်အောင်တားဆီးရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်ရေးနဲ့ နိုင်ငံတကာပြဿနာတွေကို ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ အဖြေရှာနိုင်ဖို့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ကြပါတယ်။

ဘယ်လိုပဲကောင်းတဲ့ ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းခဲ့ကြစေကာမူ အဖွဲ့အစည်းယန္တရားကြီး လည်ပတ်နိုင်ဖို့ လိုအပ်တဲ့ရန်ပုံငွေကို အများဆုံးစိုက်ထုတ်ပေးနိုင်တဲ့နိုင်ငံ၊ ကမကထလုပ်ပေးနိုင်တဲ့နိုင်ငံက အဖွဲ့ထဲမှာ ဦးဆောင်တဲ့နေရာကို ရခဲ့တာပါပဲ။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ရွှေတိဂုံဘုရား အလယ်ပစ္စယံညီလာခံမှာ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့ မိန့်ခွန်းထဲမှာ **“နိုင်ငံပေါင်းစုံ ကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာ့လုံခြုံရေးအတွက် ထိထိရောက်ရောက်ဆောင်ရွက်နိုင်သော အဖွဲ့ကြီးဖြစ်လိုခဲ့ပါလျှင် နိုင်ငံကြီး နိုင်ငံငယ်စက်ဆုပ်ဖွယ်ကောင်းသော အတန်းအစားခွဲခြင်းတို့ကို ပပျောက်အောင်ပြုလုပ်သင့်ကြပေပြီ”**လို့ ပါတာကို တွေ့ရတဲ့အတွက် ကုလသမဂ္ဂမှာ အဲဒီအချိန်ကတည်းက ခွဲခြားမှုတွေရှိနေပြီလို့ ဆိုရမှာဖြစ်ပါတယ်။

## ဒွိဝင်ရိုးနဲ့ ဧကဝင်ရိုးကမ္ဘာ

ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက် ၁၉၄၇ ခုနှစ်လောက်ကနေ ဘာလင်တံတိုင်းကြီးကို ဖြိုချလိုက်တဲ့ ၁၉၈၉ ခုနှစ်အထိ နှစ်ပေါင်း ၄၀ ကျော်လောက်ဟာ အရှေ့အုပ်စုနဲ့ အနောက်အုပ်စုတို့အကြား ဝါဒချင်းယှဉ်ပြိုင်၊ လက်နက်အပြိုင်တပ်ဆင်ခဲ့ကြတဲ့ စစ်အေးတိုက်ပွဲကာလပါ။ အဲဒီကာလ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းမှာ မဟာအင်အားကြီးနိုင်ငံ နှစ်နိုင်ငံဦးဆောင်တဲ့ အုပ်စုနှစ်စု အပြိုင်တည်ရှိနေတာဖြစ်တဲ့အတွက် ဒွိဝင်ရိုးကမ္ဘာလို့ ခေါ်ဆိုတာဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေးခေတ်နောက်ကျမှုနဲ့ လေးလံနှေးကွေးမှုတို့ကြောင့် စစ်အေးတိုက်ပွဲမှာ အရှေ့အုပ်စုနိုင်ငံတွေ အရေးနိမ့်ပြိုကွဲသွားခဲ့ကြပေမယ့် ၁၉၇၉ ခုနှစ်လောက်ကတည်းက အိုင်ဒီ ယော်လဂျီအပြောင်းအလဲလုပ်ပြီး ဈေးကွက်စီးပွားရေးစနစ်နဲ့ ကွန်မြူနစ်သဘောတရားကို အောင်အောင်မြင်မြင် ပေါင်းစပ်ကျင့်သုံးနိုင်ခဲ့တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ အရှိန်အဟုန်မှန်မှန် ဖွံ့ဖြိုးတိုးတက်နေခဲ့ပါတယ်။

စစ်အေးတိုက်ပွဲအပြီး ကမ္ဘာမှာ တစ်ခုတည်းသော အင်အားကြီးနိုင်ငံက ဧကဝင်ရိုးကမ္ဘာအခင်းအကျင်းကို ဦးဆောင်နေချိန်မှာ အဲဒီအင်အားကြီးနိုင်ငံနဲ့ နောက်လိုက်နိုင်ငံတွေက ကမ္ဘာကြီးကို စိတ်ကြိုက်လိုသလိုပုံသွင်းဖို့ ကြိုးစားခဲ့ကြပါတယ်။ ကုလသမဂ္ဂမှာလည်း အဖွဲ့ဝင်နိုင်ငံတွေကြား တန်းတူရည်တူရှိမှု၊ အချုပ်အခြာအာဏာကို အလေးထားမှုတွေ လျော့ပါးလာတာ၊ စံနှုန်းနှစ်မျိုးကျင့်သုံးလာတာ၊ ခွဲခြားဆက်ဆံတာ၊ အကျပ်ကိုင်ဖိအားပေးတာတွေ ထွန်းကားလာပြီး မူလအခြေခံတန်ဖိုးတွေ ပျောက်ဆုံးလာပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာလ ၁ ရက်နေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းမြို့မှာကျင်းပခဲ့တဲ့ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation–SCO summit 2025 Plus) ကို ပါဝင်တက်ရောက်ဆွေးနွေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ဆွေးနွေးပြောကြားချက်မှာပါတဲ့ **“ယခုအခါ အင်အားကြီးနိုင်ငံအချို့သည် အခြားနိုင်ငံများ၏ ၎င်းတို့နှင့် လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီနှင့်အညီ ရပ်တည်ဆောင်ရွက်နေမှု၊ ၎င်းတို့နိုင်ငံအတွင်း ဖြစ်ပျက်နေသည့် အခြေအနေများကို ဥပေက္ခာပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေး ဖိအားပေးမှုမျိုးစုံဖြင့် အနိုင်ကျင့်နေကြပါကြောင်း”** ဆိုတဲ့အချက်ဟာ အထက်မှာဖော်ပြခဲ့တဲ့ ကမ္ဘာ့အခြေအနေတွေကို ထင်ဟပ်နေတာ ဖြစ်ပါတယ်။

## ကမ္ဘာ့အချက်အချာရွေ့လျားမှု

တကယ်တော့ ၂၁ ရာစုအဝင် ဂလိုဗယ်လိုက်ဇေးရှင်းဆိုတဲ့ ကမ္ဘာပြုမှုဖြစ်စဉ်ကြီးနဲ့အတူ နောက်ထပ်အင်အားအသစ်တွေ ပေါ်လာတာ၊ ကမ္ဘာ့အချက်အချာ ရွေ့လျားသွားတာတွေဟာ ဧကဝင်ရိုးကမ္ဘာအခင်းအကျင်းကို ဈာန်လျှော့သွားစေခဲ့တာပါ။ အတုယူစရာကောင်းတာက ဂလိုဗယ်လိုက်ဇေးရှင်းဖြစ်စဉ်ကြီးကို အခွင့်အရေးတစ်ရပ်အဖြစ် အမိအရဖမ်းယူဆုပ်ကိုင်နိုင်ခဲ့တဲ့ နိုင်ငံတွေကတော့ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းမိတ်ဆွေရင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယတို့ ဖြစ်ပါတယ်။

၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေးရခဲ့တဲ့ ကျွန်တော်တို့နိုင်ငံထက် တစ်နှစ်နောက်ကျပြီး တရုတ်ပြည်သစ်ကိုတည်ထောင်ခဲ့ကြတဲ့ တရုတ်ခေါင်းဆောင်မျိုးဆက်တွေဟာ တရုတ်ပြည်ဟောင်းရဲ့ ကောင်းမွေဆိုးမွေတွေကိုဆက်ခံပြီး နိုင်ငံကို ပြန်လည်တည်ဆောက်ခဲ့ကြတာပါ။ တရုတ်ပြည်သစ်ရဲ့ သမိုင်းအစမှာ အတွေးအခေါ် အယူအဆမှားယွင်းမှုတွေ၊ လုပ်နည်းလုပ်ဟန် မှားယွင်းမှုတွေ၊ တိမ်းပါးချွတ်ချော်မှုတွေရှိခဲ့ပေမယ့် တစ်ဆက်ပြီးတစ်ဆက် ဆက်ခံလာကြတဲ့ခေါင်းဆောင်မျိုးဆက်တွေက ဒီအပေါ်မှာ အပြစ်ပုံချတာမျိုး၊ နောက်ကြောင်းပြန်တာမျိုးမလုပ်ဘဲ

စာမျက်နှာ ၇ သို့ ✪

**“အရင်းစစ်တော့ အမြစ်မြေကဆိုသလို ကမ္ဘာနဲ့ချီပြီးဖြစ်ခဲ့တဲ့ ကမ္ဘာစစ်ကြီးနှစ်ကြိမ်စလုံးဟာ အရင်းရှင်နယ်ချဲ့စနစ်ထဲမှာ ဖြစ်ခဲ့တာဖြစ်ပြီး စစ်မီးစတောက်ခဲ့တာကလည်း အနောက်ဥရောပနိုင်ငံတွေမှာ ဖြစ်ပါတယ်။ နှစ်ပေါင်း ၈၀ ကျော် ကြာမြင့်ပြီးတဲ့နောက်မှာတော့ အရင်းရှင်စနစ်ဟာ ဈေးကွက်စီးပွားရေးစနစ်အဖြစ် အသွင်ပြောင်းသွားခဲ့သလို ကမ္ဘာစစ်ကြီးတွေကို ဖန်တီးခဲ့ကြတဲ့ လက်သည်နိုင်ငံတွေကလည်း ဒီမိုကရေစီနဲ့ လစ်ဘရယ်ဝတ်ရုံကိုခြုံပြီး တစ်ချိန်က သူတို့သံဖနောင့်အောက်မှာ နင်းပြားဖြစ်ခဲ့ဖူးတဲ့ ကျွန်တော်တို့လို နိုင်ငံလေးတွေကို လူ့အခွင့်အရေးသင်ခန်းစာတွေ တစ်ခုပြီးတစ်ခု ပေးတဲ့သူတွေ ဖြစ်လာခဲ့ကြပါတယ်”**

❂ စာမျက်နှာ ၆ မှ

ဒါဟာ မလွဲမသွေကြုံတွေ့ရမယ့် ဖြစ်စဉ်၊ မှားယွင်းတတ်တဲ့ သဘာဝအဖြစ် ရှုမြင်ကြပြီး နောက်ထပ်မမှားအောင် သင်ခန်းစာယူကြ ပြုပြင်ခဲ့ကြပါတယ်။

နိုင်ငံနဲ့လူမျိုးအတွက် ထာဝရကြီးမြတ်တဲ့ ခေါင်းဆောင်ကြီးတွေ အဖြစ် မျိုးဆက်သစ် ခေါင်းဆောင်အဆက်ဆက်က နောက်လူတွေကို သင်ကြားပေးခဲ့ကြပြီး နိုင်ငံကို ထိပ်တန်းနိုင်ငံ တစ်နိုင်ငံဖြစ်လာအောင် အားထုတ်ကြိုးပမ်း အလုပ်လုပ်ခဲ့ကြတာ ဖြစ်ပါတယ်။ အပြုသဘော စိတ်ဓာတ်တွေကိုသာ မွေးမြူပြီး နိုင်ငံ့ခေါင်းဆောင်တွေနဲ့ပြည်သူတွေ တညီတညွတ်တည်း ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်လာအောင်၊ ဆယ်စုနှစ် တစ်ခုပြီးတစ်ခု၊ တစ်ဆင့်ပြီးတစ်ဆင့် မြင့်လာအောင် တည်ဆောက် အောင်မြင်ခဲ့ကြတာဟာ ကျွန်တော်တို့ အားကျအတုယူစရာပါ။

### ပါဝါရွှေ့ပြောင်းပြီ

**၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့က တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တီယန်ကျင်းမြို့မှာ ကျင်းပခဲ့တဲ့ ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation– SCO SUMMIT 2025 Plus) ဟာ ကမ္ဘာကအလေးထား ကြည့်ရှုခဲ့ကြရတဲ့ ထိပ်သီးအစည်းအဝေးတစ်ခုဖြစ်ပါတယ်။ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဟာ သက်တမ်းအားဖြင့် ၂၅ နှစ်ရှိပြီဖြစ်ပြီး မူလအဖွဲ့ဝင် ၆ နိုင်ငံကနေ ၁၀ နိုင်ငံ၊ လေ့လာသူ ၂ နိုင်ငံနဲ့ ဆွေးနွေးဖက် ၁၅ နိုင်ငံ စုစုပေါင်း အသိုက်အဝန်းတစ်ခုလုံးအနေနဲ့ ၂၇ နိုင်ငံရှိပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၂၃ ခုနှစ်မှာ SCO ရဲ့ ဆွေးနွေးဖက်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့တာဖြစ်ပြီး တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်လာအောင် အဆိုပြု ထားသလို အဖွဲ့ဝင်နိုင်ငံတွေကလည်း လိုလားစွာ ထောက်ခံထားကြ ပါတယ်။**

SCO SUMMIT 2025 Plus ဟာ ကျင်းပခဲ့ပြီးသမျှ ထိပ်သီးအစည်း အဝေးတွေထဲမှာ အကြီးမားဆုံး ထိပ်သီးအစည်းအဝေးဖြစ်ပြီး ဗဟုဝင်ရိုးကမ္ဘာရဲ့ အားအင်ပြည့်ဝတဲ့ သင်္ကေတတစ်ခုဖြစ်ပါတယ်။ အစဉ်အလာအားဖြင့် အနောက်အုပ်စုလွှမ်းမိုးချုပ်ကိုင်ခဲ့တဲ့ ဂလိုဘယ် ပါဝါ ရဲ့ရွှေ့ပြောင်းမှုကို ထင်ထင်ရှားရှားပြလိုက်တဲ့ အချက်ပြမှုဖြစ်တယ် လို့လည်း ပထဝီနိုင်ငံရေး လေ့လာသုံးသပ်သူတွေက ကျယ်ကျယ် ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပါတယ်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းအဝေးမှာ တရုတ် သမ္မတ ရှီကျင့်ဖျင်က ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုလုပ်ငန်းများ ပြုပြင် ပြောင်းလဲရေးလုပ်ငန်းအဆိုပြုချက် ၅ ခု၊ Global Governance Initiative ၅ ချက်ကို တင်သွင်းခဲ့ကြောင်း –

**ပထမအချက်**မှာ နိုင်ငံတိုင်းသည် တန်းတူအခွင့်အရေးရှိကြောင်း ကို အခြေခံ၍ ကမ္ဘာ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအား ဆောင်ရွက်သင့် သည်။

**ဒုတိယအချက်**မှာ ကမ္ဘာ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ၌ နိုင်ငံတကာဥပဒေသည် နိုင်ငံအားလုံးအပေါ်တွင် အညီအမျှစိုးမိုးရမည် ဟူသော အချက်ပေါ်တွင် အခြေခံသည်။

**တတိယအချက်**မှာ ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုစနစ်သည် နိုင်ငံ အများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် သဘောတူညီမှုအပေါ်တွင် အခြေခံ ထားသည်။

**စတုတ္ထအချက်**မှာ ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုစနစ်တွင် ပြည်သူကို ဗဟိုပြုချဉ်းကပ်သောနည်းလမ်းများအပေါ်တွင်အခြေခံထားသင့်သည်။

**ပဉ္စမအချက်**အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုစနစ်သည် စစ်မှန်သောရလဒ်များပေါ်တွင်သာ အခြေခံထားသင့်သည်ဟု ပါရှိကြောင်း စက်တင်ဘာ ၁၂ ရက်က ကျင်းပတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်နဲ့ ပြည်ထောင်စုအစိုးရအဖွဲ့တို့ရဲ့ လုပ်ငန်းညှိနှိုင်းအစည်း အဝေးမှာ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကား ပြောကြားရာမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဒါ့အပြင် အဲဒီ ဆွေးနွေးချက် ၅ ချက်ဟာ မိမိတို့နဲ့ သဘောထားချင်း နီးစပ်ကိုက်ညီ တဲ့အတွက် မိမိအနေဖြင့် ထောက်ခံဆွေးနွေးခဲ့ကြောင်း၊ ၎င်းအချက် ၅ ချက်ဟာ ကမ္ဘာမှာ လက်ရှိဖြစ်ပျက်နေတဲ့ ဖြစ်စဉ်များနဲ့လည်း ကိုက်ညီမှုရှိကြောင်း နိုင်ငံတော်အကြီးအကဲက ပြောကြားခဲ့ပါတယ်။

တရုတ်သမ္မတက အဆိုပြုခဲ့တဲ့ GGI ၅ ချက်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ကြိုဆိုခဲ့တဲ့အကြောင်း ၎င်းရဲ့ ပြောရေးဆိုခွင့်ရှိသူ စတက်ဖန်း ဒူဂျာရစ်ခ်က စက်တင်ဘာလ ၄ ရက်နေ့မှာ ပြုလုပ်တဲ့ နေ့စဉ်သတင်းစာရှင်းလင်းပွဲမှာ ပြောကြား ခဲ့ကြောင်း CGTN သတင်းတစ်ပုဒ်မှာ ဖတ်ရှုလိုက်ရပါတယ်။ ၂၁ ရာစု မှာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရမှာဖြစ် ကြောင်းနဲ့ အမြဲတမ်းပြည်သူကို ပထမထားရှိရမှာဖြစ်ကြောင်း ကိုလည်း ကုလသမဂ္ဂအကြီးအကဲက ပြောကြားခဲ့ကြောင်း အဲဒီသတင်း မှာ ထည့်သွင်းဖော်ပြထားပါတယ်။

### ပြန်လည်ရရှိခဲ့တဲ့ဂုဏ်သိက္ခာ

**ဒီဆောင်းပါးရဲ့အစကို ပြန်ကောက်ရရင် SCO ထိပ်သီးအစည်း အဝေးက မြန်မာနိုင်ငံ ဘာတွေရခဲ့သလဲဆိုတာ ပြောရမှာဖြစ်ပါတယ်။ SCO ထိပ်သီးအစည်းအဝေးကနေ မြန်မာနိုင်ငံရရှိခဲ့တဲ့ အဖိုးတန်ဆုံး အရာကတော့ မြန်မာနိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့ နိုင်ငံရဲ့ အချုပ်အခြာအာဏာ ကို နိုင်ငံတကာက အသိအမှတ်ပြုလေးစားမှုဖြစ်ပါတယ်။ ဒါတွေ အားလုံးဟာ ကေဝင်ရိုးကမ္ဘာ အခင်းအကျင်းမှာ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ပြည်သူတွေ ဆုံးရှုံးခဲ့ရတဲ့ အဖိုးတန်အရာတွေဖြစ်ပါတယ်။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ လူတစ်ယောက်မှာ ဂုဏ်သိက္ခာအရေးကြီးသလို နိုင်ငံတစ်နိုင်ငံမှာလည်း နိုင်ငံရဲ့ ဂုဏ်သိက္ခာ၊ နိုင်ငံရဲ့ အချုပ်အခြာအာဏာက အရေးကြီးပါတယ်။**

**နိုင်ငံတကာအလယ်မှာ နိုင်ငံရဲ့ဂုဏ်သိက္ခာကို မြောင်းထဲရောက် အောင်ပို့ခဲ့ကြသူတွေဟာ အပြင်ကလူတွေမဟုတ်ဘဲ အတွင်းက**

> **❛ ဒီဆောင်းပါးရဲ့အစကို ပြန်ကောက်ရရင် SCO ထိပ်သီးအစည်းအဝေးက မြန်မာနိုင်ငံ ဘာတွေရခဲ့သလဲ ဆိုတာ ပြောရမှာဖြစ်ပါတယ်။ SCO ထိပ်သီးအစည်း အဝေးကနေ မြန်မာနိုင်ငံရရှိခဲ့တဲ့ အဖိုးတန်ဆုံးအရာ ကတော့ မြန်မာနိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့ နိုင်ငံရဲ့ အချုပ် အခြာအာဏာကို နိုင်ငံတကာက အသိအမှတ်ပြု လေးစားမှုဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ ကေဝင်ရိုး ကမ္ဘာအခင်းအကျင်းမှာ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော် တို့ပြည်သူတွေ ဆုံးရှုံးခဲ့ရတဲ့ အဖိုးတန်အရာတွေဖြစ်ပါ တယ်။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ လူတစ်ယောက်မှာ ဂုဏ်သိက္ခာအရေးကြီးသလို နိုင်ငံ တစ်နိုင်ငံမှာလည်း နိုင်ငံရဲ့ဂုဏ်သိက္ခာ၊ နိုင်ငံရဲ့ အချုပ်အခြာအာဏာက အရေးကြီးပါတယ် ❜**

**ထွက်သွားတဲ့လူတွေပါ။ အဓိကအားဖြင့် မြန်မာနိုင်ငံမှာမွေး၊ မြန်မာ နိုင်ငံမှာကြီး၊ မြန်မာနိုင်ငံမှာ ပညာသင်ခဲ့ကြသူတွေဖြစ်ပြီး မြန်မာ နိုင်ငံကို လိုရာပုံသွင်းလိုတဲ့ နိုင်ငံကြီးတွေ၊ မြန်မာ့မြေ၊ မြန်မာ့ပိုင်နက်ကို ထိပါးလိုတဲ့ နိုင်ငံတွေရဲ့လက်ကိုင်တုတ်အဖြစ် အသုံးတော်ခံခဲ့ကြသူ တွေဖြစ်ပါတယ်။ သူတို့ဟာ နိုင်ငံဖျက်ဆီးရေးအတွက် နောက်ကွယ် ကပေးတဲ့ အထောက်အပံ့တွေကိုယူ၊ အနောက်အုပ်စုက ပါလီမန် အမတ်တွေ၊ ကုလသမဂ္ဂယန္တရားထဲက လူပုဂ္ဂိုလ်တွေရဲ့ ဘောင်းဘီစ၊ စကတ်စကို နောက်က တကောက်ကောက်လိုက်ဆွဲပြီး အမိနိုင်ငံကို အိုးမဲသုတ်ခဲ့ကြတာဖြစ်ပါတယ်။ သူတို့ဟာ ဖြစ်နိုင်မယ်ဆိုရင် နိုင်ငံကို ချောက်ထဲရောက်အောင် တွန်းချပြီး အောင်ပွဲခံလိုကြတဲ့အထိ အတ္တရော မိုက်လုံးပါ ကြီးကြသူတွေဖြစ်တယ်။ တစ်နည်းအားဖြင့် ကေဝင်ရိုးကမ္ဘာကို ခြယ်လှယ်နေကြသူတွေအကြိုက် အနောက်တိုင်း တီးလုံးနဲ့ လိုက်ကနေသူတွေလည်းဖြစ်ပါတယ်။**

ရလဒ်အနေနဲ့ အနောက်အုပ်စုဦးဆောင်တဲ့ ကေဝင်ရိုးကမ္ဘာ အခင်းအကျင်းမှာ မြန်မာနိုင်ငံဟာ ဂုဏ်သိက္ခာပျောက်ဆုံးခဲ့ရပါတယ်။ ပျောက်ဆုံးတယ်ဆိုတာထက် ဆွဲယူလွှင့်ပစ်ခံခဲ့ရတာပါ။ နိုင်ငံတစ်နိုင်ငံ အနေနဲ့ တန်းတူရည်တူ ဆက်ဆံခြင်းမခံရသလို အချုပ်အခြာအာဏာ အပေါ် လေးစားမှုလည်း လျစ်လျူရှုခံခဲ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ပကတိပြည်တွင်းရေး အခြေအနေမှန်တွေကို မျက်ကွယ်ပြုပြီး ဖိအား ပေးစေခိုင်းမှုတွေ၊ အရေးယူပိတ်ဆို့မှုတွေကို တခြားဘယ်နိုင်ငံတွေနဲ့မှ မတူအောင် ပြုမူလုပ်ဆောင်ခဲ့ကြပါတယ်။ ခြေတံလက်တံရှည်လှတဲ့ ကေဝင်ရိုးကမ္ဘာရဲ့ အင်အားစုတွေဟာ ကုလသမဂ္ဂယန္တရားကို အသုံးချ ရုံမျှမက အာဆီယံလို ဒေသဆိုင်ရာ နိုင်ငံအဖွဲ့အစည်းအထိ သွေးခွဲ စည်းရုံးပြီး မြန်မာနိုင်ငံကို ဘေးဖယ်ထားဖို့ သူတို့ ဩဇာမကင်းတဲ့နိုင်ငံ တွေကတစ်ဆင့်လုပ်ခဲ့ကြပါတယ်။ အကျိုးဆက်အနေနဲ့ ကျွန်တော် တို့ရဲ့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်နိုင်ဖို့အတွက် အခက်အခဲ အကျပ်အတည်းတွေအများကြီးနဲ့ ရင်ဆိုင်ခဲ့ရပြီး သူများထက် ပိုရုန်း ကန်ခဲ့ရပါတယ်။

**မြန်မာနိုင်ငံကို ဝိုင်းပြီးဖိနှိပ်ခဲ့ကြတဲ့ထဲက မမေ့နိုင်စရာတစ်ခုကို ပြန်ပြောရရင် ကိုဗစ်–၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုလှိုင်း အမြင့်ဆုံး ကာလကို ဝမ်းနည်းစရာအဖြစ် ပြန်ပြောရမှာပါ။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစီအစဉ်နဲ့ တစ်ကမ္ဘာလုံးကို ဖြန့်ဝေခဲ့တဲ့ ကိုဗစ်–၁၉ ကာကွယ် ဆေးကို မြန်မာနိုင်ငံကို မပေးခဲ့ပါဘူး။ အကြိမ်ကြိမ်တောင်းခံပါလျက်နဲ့ မပေးခဲ့တာဟာ အံ့သြဖွယ်ကောင်းလောက်အောင် ကျင့်ဝတ် ချိုးဖောက်မှု၊ ရက်စက်မှုဖြစ်ပါတယ်။ ဒီအခြေအနေမှာ ပထမဦးဆုံး ကူညီခဲ့တာ တရုတ်နိုင်ငံဖြစ်ပါတယ်။ ကိုယ့်နိုင်ငံသူ နိုင်ငံသားတွေ အသက်ထက်အရေးကြီးတာ ဘာမှမရှိဘူးလို့ ခံယူထားတဲ့ နိုင်ငံတော် အစိုးရအနေနဲ့ လိုအပ်တဲ့ကာကွယ်ဆေးတွေဝယ်ယူတာ၊ ပြည်တွင်းမှာ တစ်စိတ်တစ်ပိုင်းထုတ်လုပ်တာတွေကို ခွန်အားစိုက်ထုတ် လုပ်ဆောင်ခဲ့ပါတယ်။**

ကျွန်တော်တို့တစ်နိုင်ငံလုံး ထိုးခဲ့ကြတဲ့ ကိုဗစ်–၁၉ ကာကွယ် ဆေးတွေဟာ ဒီကနေ့ SCO ထိပ်သီးနိုင်ငံကြီးတွေဖြစ်တဲ့၊ RIC လို့ အတိုကောက်ခေါ်ကြတဲ့ ရုရှား၊ အိန္ဒိယ၊ တရုတ်တို့က ထုတ်လုပ်ပေး ခဲ့ကြတဲ့ဆေးတွေဖြစ်ပါတယ်။ မှတ်မိသလောက်ပြောရရင် နိုင်ငံတော် အစိုးရက ကိုဗစ်–၁၉ ကာကွယ်ဆေးအလုံးရေ (dose) ပေါင်း ၄၅ သန်းလောက်ဝယ်ယူပြီး နိုင်ငံသားတွေကို ကိုဗစ်–၁၉ ကူးစက်မှုကနေ ကာကွယ်ပေးခဲ့တာဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကတော့ အချိန် နောက်ကျပြီးမှ ကာကွယ်ဆေးနှစ်သန်းလောက်ကို သူတို့မပေးဘူးလို့ မဖြစ်ရအောင် ဝတ်ကျေတန်းကျေပေးခဲ့ပါတယ်။

### ပိုမိုကောင်းမွန်ပြည့်စုံတဲ့ မြှင့်တင်မှု

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက် ခဲ့မှုအတွင်း SCO ထိပ်သီးအစည်းအဝေးနဲ့ တရုတ်ပြည်သူတွေရဲ့ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနဲ့ ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ် (၈၀) ပြည့်အခမ်းအနား တက်ရောက်ခဲ့တာ၊ အခြားနိုင်ငံ့ခေါင်းဆောင်တွေအပါအဝင် တရုတ်၊ အိန္ဒိယ၊ လာအိုနိုင်ငံ ခေါင်းဆောင်တွေနဲ့ တွေ့ဆုံခဲ့တာကနေ မိမိတို့ရဲ့ နိုင်ငံတော်နဲ့ နိုင်ငံသူ နိုင်ငံသားတွေအတွက် အကျိုးဖြစ်ထွန်းစေခဲ့တာနဲ့ပတ်သက်ပြီး သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းရဲ့ သတင်းမီဒီယာတွေနဲ့ ဖြေကြားချက်မှာ **“မြန်မာနိုင်ငံအနေနဲ့က နိုင်ငံတကာမှာ သူတို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေ၊ မြန်မာနိုင်ငံထဲမှာရှိတဲ့ စည်းလုံးညီညွတ်မှုမရှိတဲ့သူတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေအရ နိုင်ငံရေးအရ မြန်မာနိုင်ငံဟာ နိုင်ငံတကာရေးရာမှာ နည်းနည်း နောက်ကျနေတဲ့အခြေအနေမျိုးရှိတယ်။ ဒါယခင်ကတည်းကတိုင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ ယခင် ရုရှားခရီးစဉ်တွေ၊ တရုတ်သမ္မတကြီးနဲ့ခရီးစဉ်မှာ မြှင့်တင်ပေးပါတယ်။ ခုဟာက ပိုပြီးတော့ကောင်းတဲ့မြှင့်တင်မှု၊ ပိုပြီးတော့ပြည့်စုံတဲ့မြှင့်တင်မှုလို့ ပြောချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ နိုင်ငံတကာမှာ ပြန်လည် ပြီး သိက္ခာရှိရှိရပ်တည်နိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့တယ်”** လို့ ပါရှိခဲ့ ပါတယ်။

တစ်ချိန်တစ်ခါက ကမ္ဘာ့အစီအစဉ်ဟောင်းတစ်ခုမှာ မိမိတို့နိုင်ငံ တော်နဲ့ နိုင်ငံသားတို့ ဆုံးရှုံးခဲ့ရတဲ့ နိုင်ငံ့ဂုဏ်သိက္ခာဟာ ကမ္ဘာ့အစီ အစဉ်သစ်မှာ နိုင်ငံ့အကြီးအကဲရဲ့ တစိုက်မတ်မတ် ကြိုးပမ်း ဆောင်ရွက်မှုကြောင့် မိမိတို့ ပြန်လည်ရရှိခဲ့ပြီဖြစ်ပါတယ်။ သည့်ထက် ပိုပြီးလည်း နိုင်ငံနဲ့ပြည်သူတို့အတွက် မျှော်လင့်ချက်တွေ၊ အခွင့် အလမ်းတွေပါ အမြောက်အမြား သယ်ပိုးပါရှိခဲ့တာဖြစ်ပါတယ်။ မိမိတို့ နိုင်ငံရဲ့ ဂုဏ်သိက္ခာကို ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာ ပြန်လည် တောက်ပလာစေဖို့၊ နိုင်ငံနဲ့ ပြည်သူတို့ရဲ့ မျှော်လင့်ချက်တွေ လက်တွေ့ ဘဝမှာ အခိုင်အမာ ဖြစ်တည်အကောင်အထည်ပေါ်လာစေဖို့၊ အခွင့် အလမ်းတွေကို အကျိုးကျေးဇူးတွေဖြစ်လာအောင် ပြောင်းလဲဖို့ရာမှာ အစိုးရနဲ့ပြည်သူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြဖို့လိုသလို နိုင်ငံတစ်ဝန်းလုံးမှာ စည်းလုံးညီညွတ်ကြဖို့လိုပါတယ်။

ငါတို့အားလုံး မြန်မာဆိုတဲ့စိတ်ဓာတ်နဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆိုတဲ့ တစ်ခုတည်းသောဦးတည်ချက်ကို တညီတညွတ်တည်း ဖွဲ့လုံ့လ ဝီရိယထက်သန်တက်ကြွစွာ အကောင်အထည်ဖော်ကြဖို့ လိုပါတယ်။ နိုင်ငံနဲ့လူမျိုး ပျက်သုဉ်းစေတဲ့အထိ အန္တရာယ်ရှိတဲ့ ပဋိပက္ခတွေ၊ ဝိရောဓိတွေ၊ ဆန့်ကျင်မှုတွေ၊ အဖျက်စိတ်ဓာတ်နဲ့ အဖျက်လုပ်ရပ် တွေကို စည်းလုံးမှု၊ တစ်စိတ်တစ်ဝမ်းတည်း ညီညွတ်မှု၊ အပြုသဘော ဆောင်တဲ့စိတ်ဓာတ်နဲ့ အပြုသဘောဆောင်ရွက်မှုတွေနဲ့ အစားထိုး နိုင်ကြရမှာလည်း ဖြစ်ပါတယ်။

လာမယ့် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကျင်းပပြီး ပြည်သူက ရွေးကောက်တင်မြှောက်လိုက် တဲ့အစိုးရနဲ့ ဒီမိုကရေစီရှေ့ခရီးကို ဆက်ကြရမှာဖြစ်လို့ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းဖို့ နိုင်ငံသူ နိုင်ငံသားအားလုံးမှာ တာဝန်ရှိပါတယ်။ ပြည်သူတွေက ရွေးကောက်တင်မြှောက်လိုက်တဲ့ လွှတ်တော်၊ အစိုးရအဖွဲ့ တွေနဲ့ ပြည်သူတို့စုပေါင်းအားနဲ့ နိုင်ငံကို အင်အားခိုင်မာတောင့်တင်းတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာအောင် ဝိုင်းဝန်းတည်ဆောက်ကြရမှာလည်း ဖြစ်ပါတယ်။

နိုင်ငံရဲ့အင်အားဟာ နိုင်ငံ့စီးပွားပေါ်မှာ အခြေစိုက်တာဖြစ်တဲ့အတွက် နိုင်ငံ့စီးပွားမြင့်မားအောင် အစိုးရရဲ့ ဦးဆောင်စီမံခန့်ခွဲမှု၊ ပြည်သူတွေရဲ့ ကာယ၊ ဉာဏ၊ လုံ့လ စိုက်ထုတ်မှုတွေနဲ့ ဦးလည်မသုန် ကြိုးပမ်းကြဖို့ နိုင်ငံသားအားလုံးမှာ တာဝန်ရှိပါတယ်။ နိုင်ငံသားအားလုံး စည်းလုံး ညီညွတ်မယ်၊ နိုင်ငံသားတစ်ဦးချင်းစီတိုင်း စည်းကမ်းရှိကြမယ်၊ နိုင်ငံ့စီးပွား မြင့်မားအောင်စွမ်းဆောင်နိုင်ကြမယ်ဆိုရင် ကျွန်တော်တို့အားလုံး ကမ္ဘာ့ အလယ်မှာ ခေါင်းမော့ရင်ကော့နိုင်ပြီလို့ ဆိုရမှာဖြစ်ကြောင်းပါ။ ။

# အာဆီယံရှေ့နေချုပ်များ အစည်းအဝေးတည်ထောင်ခြင်းဆိုင်ရာ ကြေညာချက် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

အင်ဒိုနီးရှားနိုင်ငံ ရှေ့နေချုပ် H.E. Mr. Burthanuddin ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ စက်တင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် အာဆီယံရှေ့နေချုပ်များ အစည်းအဝေး တည်ထောင်ခြင်းဆိုင်ရာ ကြေညာချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။




အဆိုပါအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ ရှေ့နေချုပ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက အာဆီယံရှေ့နေချုပ်များ အစည်းအဝေးကို အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် (၂၀၄၅) ကို အကောင်အထည်ဖော်သည့်အနေဖြင့် ၂၀၂၃ ခုနှစ်က ထိုင်းနိုင်ငံ ဘန်ဆန်းမြို့၌ ကျင်းပခဲ့သော ပထမအကြိမ် အတိုင်ပင်ခံအစည်းအဝေး၏ ရလဒ်၊ ၂၀၂၄ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပခဲ့သော ဒုတိယအကြိမ် အတိုင်ပင်ခံအစည်းအဝေး၊ ၂၀၂၄ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ကျင်းပခဲ့သော တတိယအကြိမ် အတိုင်ပင်ခံအစည်းအဝေး၊ ၂၀၂၄ ခုနှစ်က လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့သော (၄၄)ကြိမ်မြောက်နှင့် (၄၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ရလဒ်တို့နှင့်အညီ တည်ထောင်ရန် သဘောတူညီခဲ့ကြောင်း။

အာဆီယံရှေ့နေချုပ်များ အစည်းအဝေး တည်ထောင်ခြင်း၏ ရည်ရွယ်ချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများတွင် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ အာဆီယံရှေ့နေချုပ်များအစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သက်ဆိုင်ရာ ပြည်တွင်းဥပဒေများနှင့် အညီ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုများကို အထောက်အပံ့ပြုရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ အစိုးရအမှုလိုက်အရာရှိများ၏ စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာသင်တန်းများ ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရေး၊ ပုံမှန်မဟုတ်သော ပြစ်မှုများနှင့် နည်းပညာအသုံးပြုကျူးလွန်သည့်ပြစ်မှုများ ဖြေရှင်းနိုင်ရေးအတွက် အစိုးရအမှုလိုက်အရာရှိများ၏ စွမ်းရည်မြှင့်တင်ဆောင်ရွက်မှုများ ပူးပေါင်းဆောင်ရွက်ရေး၊ ကဏ္ဍအလိုက် အာဆီယံဝန်ကြီးများအဖွဲ့အား တရားစွဲအမှုလိုက်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အထောက်အပံ့ပြုရန်နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဥပဒေရေးရာမူဘောင်များနှင့် တရားစွဲအမှုလိုက်ဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို ဖလှယ်ရေးဆိုင်ရာ အကြောင်းအရာများ စသည့် ကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုကြေညာချက် လက်မှတ်ရေးထိုးခြင်းသည် အာဆီယံဥပဒေရေးရာများ ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်တွင် စာမျက်နှာအသစ်တစ်ခုကို ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ ရှေ့နေချုပ်များက အာဆီယံရှေ့နေချုပ်များ အစည်းအဝေး တည်ထောင်ခြင်းဆိုင်ရာကြေညာချက်ကို လက်မှတ်ရေးထိုးကြသည်။

အာဆီယံရှေ့နေချုပ်များ အစည်းအဝေး တည်ထောင်ခြင်းဆိုင်ရာ ကြေညာချက်ကို လက်မှတ်ရေးထိုးခြင်းဖြင့် အာဆီယံနိုင်ငံများအတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရာတွင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုရရှိစေနိုင်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရှေ့နေချုပ်ရုံးများအကြား တရားစွဲနှင့်အမှုလိုက်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်မည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရေးဆောင်ရွက်နေမှု ကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၁၆**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ရာဇသင်္ဂဟလမ်းတစ်လျှောက် ဘေးဝဲယာနှင့် ကြာကန်ပတ်လည် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး လမ်းလယ်ကျွန်းများတွင် မြေယာရှုခင်းနှင့် ပန်းအလှပင်များ ထည့်သွင်းစိုက်ပျိုးရန်၊ Box Culvert များတွင် အမှိုက်များပိတ်ဆို့မှုမရှိစေရေး၊ လမ်းပခုံးသားများ သတ်မှတ်ချက်နှင့်အညီ စနစ်တကျရှိစေရေး အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

**ဆွေးနွေး**

မွန်းလွဲပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ဝိုင်းအနီး ရာဇသင်္ဂဟလမ်းနှင့် လယ်ဝေးမြို့နယ်လေဆိပ်လမ်းတစ်လျှောက် သန့်ရှင်း သာယာလှပစေရေး ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပစေရန် ပန်းအလှပင်များနှင့် အရိပ်ရအပင်များ စနစ်တကျစိုက်ပျိုးရန်၊ မြို့တော်အင်္ဂါရပ်နှင့်အညီ Green City၊ Clean City၊ Smart City ဖြစ်စေရေး၊ လျှင်ဘေးကြောင့် ထိခိုက်ခဲ့သည့် လမ်းဘေး ပလက်ဖောင်းများ အချိန်မီ ပြန်လည်ပြုပြင်ရေး၊ လမ်းဘေးမြောင်းများ အမှိုက်ပိတ်ဆို့မှုမရှိစေရေးနှင့် အမှိုက်များ စနစ်တကျ စွန့်ပစ်ရေး ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။



**အောင်သူရဦး(ဒက္ခိဏ)**

# ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၆**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က အောင်ပန်းမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးသည် ကျောင်းအုပ်၊ သင်တန်းနည်းပြများ၊ ဝန်ထမ်းများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်၍ ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားနေမှု၊ သင်ထောက်ကူပစ္စည်းများ၊ အိပ်ဆောင်၊ စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးကာ သင်တန်းသားများနှင့်အတူ နေ့လယ်စာ သုံးဆောင်သည်။

ယင်းနောက် ဆီဆိုင်မြို့နယ် ဇဝနာရာမ စာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသည့် ပေ(၆၀x၃၀)နှစ်ထပ်ဆွမ်းစားကျောင်းဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသူများနှင့်တွေ့ဆုံပြီး ဒုတိယဝန်ကြီးက နယ်မြေတည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်၍ တည်ငြိမ်အေးချမ်းရေးကို အလေးထား ဦးစားပေးတည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ထမ်းများ အနေဖြင့်လည်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်၊ ကျောင်းသား ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိဉာဏ်နှင့် ဆင်ခြင်တုံတရားများကို တိုးတက်မြင့်မားလာစေရန် ပြုစုပျိုးထောင်ပေးသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် မြို့တော်ခန်းမ၌ ကျင်းပသည့် အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့်လွိုင်ကော်မြို့အတွင်း နေအိမ်ပျက်စီးမှုများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ပေးအပ်သည့် အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ တက်ရောက်သည်။

ထို့နောက် လွိုင်ကော်မြို့ရှိ ပုပ္ပါရုံကျောင်းတိုက်၌ ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်တန်းကျောင်း(လွိုင်ကော်)တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ သင်တန်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်သည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဝါးခရာ-ပန်တီလမ်း ၁ မိုင် ၃ ဖာလုံအနက် ၆ ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဆိုက်ခေါင်)၌ ကျောင်းအုပ်၊ ဝန်ထမ်းများ၊ သင်တန်းနည်းပြများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လူငယ်သင်တန်းကျောင်း (ဆိုက်ခေါင်)မှအထက(၁) ကျောင်းသို့ ဆက်သွယ်ထားသည့် လမ်း ၃ ဖာလုံအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ဟိုပုံးမြို့နယ် သာယာကုန်းကျေးရွာတွင် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းနှင့်နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ အထွေထွေရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ပြည်တွင်းနှင့်နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ အထွေထွေရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာခြင်း**

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်

၁။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ယနေ့မှစတင်ကာ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့အထိ လျှောက်ထားနိုင်ပါသည်။

၂။ လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများလိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅) ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅) ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆ - ၉ - ၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် https://www.uec. gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာ နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နောင်ချိုမြို့နယ်၌ ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ၊ အသက် (၁၅) နှစ်အောက်ကလေးများအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်ပေးလျက်ရှိ

**နောင်ချို စက်တင်ဘာ ၁၆**

ကျန်းမာရေး ဝန်ကြီးဌာနသည် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှု တိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အောက်ရှိ ကျေးလက်ကျန်းမာရေး ဌာနနှင့် ဌာနခွဲ ၂၅ ခု ပြန်လည်ဖွင့်လှစ်ပြီး ပဏာမကျန်းမာရေး စောင့်ရှောက်ခြင်း လုပ်ငန်းများကို အားဖြည့် ဆောင်ရွက်လျက်ရှိသည်။

နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေး ဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းနှင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းကို ပြန်လည်အားဖြည့် ဆောင်ရွက်ရန်အတွက် Big Catch-up၊ Routine Catch-up နည်းလမ်းများဖြင့် အမီလိုက် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများ၊ အသက် (၁၅) နှစ်အောက် ကလေးများအား လိုအပ်သော ကာကွယ်ဆေးများကို အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး လုပ်ငန်းများ (Special Immunization Activities)၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများ ဖြစ်ပွားချိန်တွင် တုံ့ပြန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများ (Outbreak Response Immunization) စသည်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများကို ကလေးတိုင်းဆီသို့ ရောက်ရှိအောင်နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ အခြေခံကျန်းမာရေး ဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် ကျေးရွာများရှိ ကျောင်းပေါင်း ၈၈ ကျောင်းနှင့် ကျောင်းသားပေါင်း ၁၃၅၂၆ဦးကို ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး မြို့ပေါ်နှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ဒေသခံတိုင်းရင်းသား ပြည်သူစုစုပေါင်း ၃၁၁၃ ဦးကို လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း ပြန်လည်အားဖြည့် ဆောင်ရွက်လျက်ရှိပြီး အသက်ငါးနှစ်အောက် ကလေးငယ်များအား ငါးမျိုးစပ်ကာကွယ်ဆေး၊ဝက်သက်-ဂျိုက်သိုး ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေး(အစက်ချဆေး၊ ထိုးဆေး)များကိုလည်းကောင်း၊ အသက် (၅) နှစ်မှ (၇) နှစ် အရွယ်ကလေးများအား ဆုံဆို့-မေးခိုင်ရောဂါ ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုး ရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး၊ ပိုလီယိုရောဂါ ကာကွယ်ဆေး (အစက်ချဆေး) များကိုလည်းကောင်း၊အသက် (၇)နှစ်မှ (၁၅)နှစ်အရွယ်ကလေးများအား မေးခိုင်-ဆုံဆို့ရောဂါ ကာကွယ်ဆေး၊ ဝက်သက် - ဂျိုက်သိုးရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများကိုလည်းကောင်း ထိုးနှံတိုက်ကျွေးပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ကလေးစုစုပေါင်း ၁၆၄၈၄ ဦးကို လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးနိုင်ခဲ့သည်။



အသက် (၁၅)နှစ်အောက် ကလေးများအား လိုအပ်သော ကာကွယ်ဆေးများကို အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး လုပ်ငန်းများကို နောင်ချိုမြို့နယ်အပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေသော မြို့နယ်အားလုံးတွင် ထိုးနှံတိုက်ကျွေး ပေးလျက်ရှိသည်။

နောင်ချိုမြို့နယ်တွင်၂၀၂၅ ခုနှစ် ဇူလိုင်၂၀ရက်က "မြနန်းတော်ဝင်" မင်္ဂလာခန်းမ၌ ယာယီဆေးရုံ ဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးခဲ့ပြီး မြို့နယ်ပြည်သူ့ဆေးရုံကို ဩဂုတ် ၂ ရက်က ပြန်လည်ဖွင့်လှစ်ကာ လူနာများအား လက်ခံကုသပေးခြင်းနှင့် အရေးပေါ် ခွဲစိတ်ကုသပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသား ပြည်သူများ လာရောက်ကုသမှုခံယူလျက်ရှိပြီး စက်တင်ဘာ ၁၅ ရက်အထိ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံတွင် ပြင်ပလူနာ ၃၅၉၅ ဦးနှင့် အတွင်းလူနာ ၄၂၀ ဦးအား လိုအပ်သော ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြောက်ဥက္ကလာပမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးမှုများ ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ယနေ့ နံနက်ပိုင်းက (ဆ)ရပ်ကွက် ဓမ္မသာလာဓမ္မာရုံ၌ ကျင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိက မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း သိကောင်းစရာများနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသပေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လေးဟာ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၁) ဗိုလ်မှူးဖြိုးဝေလင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ (ဆ)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းမြင့် ဦးဆောင်သည့်အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များ၊ မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာ လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။



**သက်လွင်စိုး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားတက်ရောက်



**စစ်တွေ စက်တင်ဘာ ၁၆**

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ယခုနှစ်ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အစီအစဉ်များကို ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့်(From Science to Global Action) အိုဇုန်းလွှာကာကွယ်ရေးသိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေးဆောင်ပုဒ်ဖြင့် နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း အခမ်းအနားများကျင်းပလျက်ရှိကြောင်း။

အိုဇုန်းလွှာပျက်စီးစေတတ်သော ဒြပ်ပစ္စည်းများနှင့် ကမ္ဘာ့ပူနွေးမှုအလားအလာမြင့်မားသည့် ဟိုက်ဒရိုဖလူရို ကာဗွန်(HFCs) အမျိုးအစား အအေးပေးဒြပ်ပစ္စည်းများသုံးစွဲမှုကို လျှော့ချထိန်းချုပ်ရန်နှင့် နောင်လာမည့် နှစ်(၄၀)ကာလများဖြစ်သည့် ၂၀၆၀ နှင့် ၂၀၇၅ ခုနှစ်အကြားတွင် ၁၉၈၀ ပြည့်နှစ်မတိုင်မီကာလက အိုဇုန်းလွှာ၏ အထုပမာဏအထိ အကောင်းပကတိဖြစ်စေရေး ရည်မှန်းချက်ထား၍ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အတွက် မိမိတို့ပြည်နယ်သူ၊ ပြည်နယ်သားများသည်လည်း မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်၏ သဘောတူညီချက်အရ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အိုဇုန်းလွှာပါးလွှာလာမှုကို လျော့ပါးစေရေး အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းစဉ်များကို ဆက်စပ်ဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းဖြင့် လူသားများနှင့် ကမ္ဘာပေါ်ရှိသက်ရှိများကို ကောင်းမွန်သော အိုဇုန်းလွှာဖြင့် ဆက်လက်၍ အကာအကွယ်ပေးသွားနိုင်ရေး ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Mr. Antonio Guterres က ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှတ်တမ်းဗီဒီယိုကို လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်(UNEP) အမှုဆောင်ညွှန်ကြားရေးမှူး၏ အမှာစကားမှတ်တမ်းဗီဒီယိုကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဗီဒီယိုကိုလည်းကောင်းပြသပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**




# ဘားအံမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ဘားအံ စက်တင်ဘာ ၁၆**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ "အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး" ဆောင်ပုဒ်ဖြင့် ကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP) ဗီဒီယို၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဗီဒီယိုတို့ကို ပြသပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲ၊ အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာ အထက်တန်းနှင့် အလယ်တန်း အဆင့်စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများ၊ နှစ်သိမ့်ဆုရရှိကြသူများနှင့် ဝိုင်းဝန်းကူညီဆောင်ရွက် ပေးသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကာ ခင်းကျင်းပြသထားသော ဆုရဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီလက်ရာများနှင့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**မကွေး စက်တင်ဘာ ၁၆**

၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အနာဂတ်မျိုးဆက်သစ်များအား ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းပေးနိုင်ရန် အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းစဉ်တွင် ပူးပေါင်း ပါဝင်ကြစေလိုကြောင်း ပြောကြားသည်။

**မှတ်တမ်းဗီဒီယို ပြသ**

ထို့နောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာဗီဒီယိုပြသပြီး ၂၀၂၅ ခုနှစ် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်(UNEP) အမှုဆောင်ညွှန်ကြားရေးမှူး၏ ဗီဒီယိုနှင့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ခင်းကျင်းပြသထားသည့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ဆိုင်ရာ အသိပညာပေးပြခန်းများ၊ လှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများ၊ ပြိုင်ပွဲဝင်ဆုရ စာစီစာကုံးများကို ကြည့်ရှုကြကာ တက်ရောက်လာသူများအား Recycle bag၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်၊ Note Book များ၊ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ Logo ပါ ကော်ဖီခွက်၊ အချိုရည်နှင့်မုန့်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**





(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်ရဲတပ်ဖွဲ့မှ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဝင်းဇော်ဦးစီးသည့် တပ်ဖွဲ့ဝင်များ အထက(နတ်တလင်း)တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ဝေယံဖြိုး(ပြန်/ဆက်)

# ဟုမ္မလင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း သင်တန်းဖွင့်ပွဲကျင်းပ

**ဟုမ္မလင်း စက်တင်ဘာ ၁၆**

ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ရေးဆွဲနည်းသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇေ့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းသို့ ဟုမ္မလင်းမြို့နယ် ယက်ဖကျေးရွာ၊ မှန်ပင်ကျေးရွာနှင့် မိုင်းတောင်းကျေးရွာတို့မှ သင်တန်းသား သင်တန်းသူ ခြောက်ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ လေးရက်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**

# မန္တလေးမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



**မန္တလေး စက်တင်ဘာ ၁၆**

၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အိုဇုန်းလွှာသည် ကမ္ဘာမြေပေါ်ရှိသက်ရှိများအား အန္တရာယ်ဖြစ်စေသည့် ခရမ်းလွန်ရောင်ခြည်များ ကမ္ဘာ့မြေပြင်သို့ တိုက်ရိုက်မရောက်ရှိစေရန် ကာကွယ်စစ်ထုတ်ပေးထားသော အငွေ့စစ်ကိရိယာတစ်ခုအနေဖြင့် အကျိုးပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုများကြောင့် အိုဇုန်းလွှာထိခိုက်ပျက်စီးနေသည်ကို သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့ကြကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးကြပ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအပါအဝင် အခြားဌာနများနှင့်ပူးပေါင်းပြီး အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် လစဉ်အသိပညာပေးခြင်း၊ ရေထုအရည်အသွေးနှင့် ဝန်းကျင်လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် အိုဇုန်းလွှာပျက်စီးမှု ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တိုင်းဦးစီးမှူးက အိုဇုန်းလွှာအကြောင်း သိကောင်းစရာများနှင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ပေါ်ပေါက်လာမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးမှတ်တမ်းဗီဒီယို၊ UNEP မှ ဒါရိုက်တာက ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အမှာစကားပြောကြားသည့် ဗီဒီယို၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပိုစတာများနှင့် တိုင်းတာရေး စက်ကိရိယာများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

**ပဲခူး အောက်တိုဘာ ၁၆**

ပဲခူးမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနား ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်ကြသည်။

**ပြောကြား**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ရေးတို့မှတစ်ဆင့် ပစ္စုပ္ပန်နှင့် အနာဂတ် မျိုးဆက်များအတွက် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ကြောင်းနှင့် အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံနည်းပညာဖြင့် တစ်ကမ္ဘာလုံး မြှင့်တင်ဆောင်ရွက်ပေး ဆိုသည့်အတိုင်း ကမ္ဘာပူနွေးမှုအလားအလာမြင့်မားသည့် ဟိုက်ဒရိုဖလူရိုကာဗွန်(HCFCs) အမျိုးအစား အအေးပေး ဒြပ်ပစ္စည်းများ သုံးစွဲမှုကို လျှော့ချထိန်းချုပ်ရန် ဆက်လက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်သည်။ ၎င်းနောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဝန်ကြီးများက ပန်းချီ၊ ကာတွန်းနှင့် ဉာဏ်စမ်းမေးခွန်း ဖြေဆိုမှု ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သဝဏ်လွှာ ဖတ်ကြားသည့် Video နှင့် အိုဇုန်းလွှာ ထိန်းသိမ်းရေး အသိပညာပေး ဗီဒီယိုကလစ်တို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ထမ်းများက ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ၎င်းနောက် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စက်ပစ္စည်းများ၊ အသိပညာပေးစာအုပ်စာစောင်များ၊ ဆုရကျောင်းသားကျောင်းသူများ၏ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနား တက်ရောက်

**ပုသိမ် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမတွင် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ပူးပေါင်းဆောင်ရွက်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်းက တိုင်းဒေသကြီးအတွင်း ရေထု၊ လေထုအရည်အသွေးများအား လစဉ်တိုင်းတာဆောင်ရွက်လျက်ရှိပြီး ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အစီအစဉ်များနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး အစီအစဉ်များ ဆောင်ရွက်ခြင်း၊ စီမံကိန်းလုပ်ငန်းများကြောင့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် စိစစ်ကြပ်မတ်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အိုဇုန်းလွှာပျက်စီးခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းတို့သည် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာရပ်ဖြစ်သည့်အတွက် လူသားများနှင့် ကမ္ဘာပေါ်ရှိသက်ရှိများ ကျန်းမာပျော်ရွှင်စွာ အသက်ရှင်နေထိုင်နိုင်ရေး အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် လိုပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီယိုဂူတာရက်စ်၏ သဝဏ်လွှာဗီဒီယို၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး မစ္စအင်ဂါအန်ဒါစန်၏ ဗီဒီယိုမက်ဆေ့နှင့် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေး ဗီဒီယိုပြသမှုတို့ကို ကြည့်ရှုအားပေးသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ (ပထမ) နှင့် ပန်းချီပြိုင်ပွဲ (ပထမ)ဆုရရှိသူများအားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးက အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ (ဒုတိယ)နှင့် ပန်းချီပြိုင်ပွဲ(ဒုတိယ)ဆုရရှိသူများအားလည်းကောင်း၊ သယံဇာတရေးရာဝန်ကြီးက အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ (တတိယ) နှင့် ပန်းချီပြိုင်ပွဲ (တတိယ)ဆုရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ၂၀၂၅ ခုနှစ် တရုတ်(ကွမ်ရှီး)-အာဆီယံ အသက်မွေးဝမ်းကျောင်းပညာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ တက်ရောက်




နေပြည်တော် စက်တင်ဘာ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးဒေသ နန်နင်းမြို့၌ စက်တင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပသော ၂၀၂၅ ခုနှစ် တရုတ်(ကွမ်ရှီး)-အာဆီယံ အသက်မွေးဝမ်းကျောင်းပညာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

**တွေ့ဆုံဆွေးနွေး**

စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် Guangxi Polytechnic of Construction ၌ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရ ဒုတိယအုပ်ချုပ်ရေးမှူး Ms. Lu Xinning နှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ညီလာခံဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ Ms. Lu Xinning က ညီလာခံဖွင့်လှစ်ကြောင်း ကြေညာပြီး တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အဖွင့်အမှာစကားပြောကြားကြကာ ဥာဏ်ရည်တု နည်းပညာဖြင့် သက်မွေးပညာတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေကို ဆွေးနွေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးက ဉာဏ်ရည်တု အအေဒိုင်နည်းပညာ၏ စွမ်းပကား ကြီးမားလာမှုအခြေအနေ၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စက်မှုလုပ်ငန်းများ၊ ဒေသတစ်ခုထုတ်ကုန်တစ်ခုနှင့် သွင်းကုန်အစားထိုးထုတ်ကုန်များထုတ်လုပ်ရေး အားပေးဆောင်ရွက်လျက်ရှိမှု၊ အဆိုပါလုပ်ငန်းများတွင် ဉာဏ်ရည်တုနည်းပညာဖြင့် ပေါင်းစပ်ပံ့ပိုးမည်ဆိုပါက တိုးတက်ဖွံ့ဖြိုးလာမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ် ၄၀၀ ခန့် တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကွမ်ရှီးစီးပွားရေးနှင့် ကုန်သွယ်မှုသက်မွေးပညာ တက္ကသိုလ်ရှိ အာဆီယံဉာဏ်ရည်တု အအေဒိုင် နည်းပညာလက်တွေ့ခန်း၊ အတတ်အထည်ချုပ် နည်းပညာပြခန်းနှင့် ဒစ်ဂျစ်တယ်ဖက်ရှင်ဒီဇိုင်းရေးဆွဲနည်း သင်တန်းခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဉာဏ်ရည်တု အအေဒိုင်နည်းပညာ၊ ဒစ်ဂျစ်တယ်နည်းပညာကို ပညာရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေကို မေးမြန်းဆွေးနွေးကာ ကွမ်ရှီးဒေသ ပညာရေးဦးစီးဌာနက တည်ခင်းသော ညစာစားပွဲသို့ တက်ရောက်ကြသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နန်နင်းမြို့ ကွမ်ရှီးစီးပွားရေးနှင့် ကုန်သွယ်မှုသက်မွေးပညာ တက္ကသိုလ်၌ ကျင်းပသည့် ဆွေးနွေးပွဲသို့ တက်ရောက်ပြီး အအေဒိုင်နည်းပညာဖြင့် ဒစ်ဂျစ်တယ်စီးပွားရေး တိုးတက်စေနိုင်မှုခေါင်းစဉ်ဖြင့် ဆွေးနွေးကာ Guangxi Skills Master Hub ၌ ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ) မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၁၆

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရန်အတွက် ဗိုလ်မှူးကြီး ဇာနည်အောင် ဦးဆောင်သည့် မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး နေအောင်စိုး၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး JASWINDER S GILL တို့က လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**လေ့လာလည်ပတ်သွားမည်**

အဆိုပါ မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ စုစုပေါင်း ၁၂၀ လိုက်ပါသွားပြီး အိန္ဒိယနိုင်ငံ ဂါယာမြို့ရှိ အထင်ကရနေရာများ၊ သင်တန်းကျောင်း၊ စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ စက်တင်ဘာ ၁၉ ရက်အထိ လေ့လာလည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၆

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်အကြား အပြန်အလှန် ခင်မင်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်လာစေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ရန်အတွက် COL SHRIKANT JETHI ဦးဆောင်ပြီး အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော အိန္ဒိယတပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး နေအောင်စိုး၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး JASWINDER S GILL တို့က လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြသည်ပြီး ဆင်ဖြူတော်များအား လေ့လာကြည့်ရှုကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် COL SHRIKANT JETHI ဦးဆောင်သည့် အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည် စုစုပေါင်း ၁၂၀ လိုက်ပါလာပြီး နေပြည်တော်ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ စက်တင်ဘာ ၁၉ ရက်အထိ လေ့လာလည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# တပ်ကုန်းမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်... 



# အင်ဒိုနီးရှားတွင် ဆိုလာလျှပ်စစ်ထုတ်လွှတ်မှုမြှင့်တင်ရေး ဆောင်ရွက်



ဂျကာတာ စက်တင်ဘာ ၁၆

အင်ဒိုနီးရှားအစိုးရသည် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ၁၀၀ ဂီဂါဝပ်အထိ ထုတ်လွှတ်နိုင်မည့် ဆိုလာလျှပ်စစ်စက်ရုံများကို တည်ထောင်ရန် ဆောင်ရွက်နေကြောင်း အင်ဒိုနီးရှားနိုင်ငံ စွမ်းအင်နှင့် သတ္တုအရင်းအမြစ်ဝန်ကြီး ဗီလိုင် လာဟာဒါလီယာက စက်တင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံရန် အခွင့်အရေးများရရှိမည်ဖြစ်သည်။

အဆိုပါ ဆောင်ရွက်ချက်သည် နိုင်ငံအတွင်း အမျိုးသားစွမ်းအင် အသွင်ကူးပြောင်းရေးကို မြှင့်တင်ခြင်းဖြစ်ကာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ဆိုလာစွမ်းအင် အသုံးပြုမှုမြှင့်တင်ရေး အစိုးရ၏ ဆောင်ရွက်ချက်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံအတွင်းရှိ ရွာတိုင်းတွင် လျှပ်စစ်ဓာတ်အား ၁ ဒသမ ၅ ဂီဂါဝပ်ထုတ်မည့် ဆိုလာလျှပ်စစ်စက်ရုံများကိုတည်ထောင်ရန် ဆောင်ရွက်ခြင်းဖြင့် အနာဂတ်ကာလတွင် လျှပ်စစ်ဓာတ်အား ၁၀၀ ဂီဂါဝပ်အထိ ထုတ်လွှတ်နိုင်မည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံ၏ လက်ရှိ နှစ်စဉ်လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုသည် လျာထားချက်ထက် လျော့နည်းနေသဖြင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှု ပမာဏများပြားစေရေးအတွက် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ကာ ဆောင်ရွက်မည်ဟု သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# ဩစတြေးလျနိုင်ငံ၌ အသက် ၁၆ နှစ်အောက်ရှိသူများ၏ ဆိုရှယ်မီဒီယာအကောင့်များအား ပိတ်ပင်မည်




ဆစ်ဒနီ စက်တင်ဘာ ၁၆

ဩစတြေးလျနိုင်ငံ၌ ဆိုရှယ်မီဒီယာလုပ်ငန်းများ အနေဖြင့် အသက်၁၆နှစ်အောက်ရှိသူများ၏ ဆိုရှယ်မီဒီယာအကောင့်များကို ရှာဖွေဖော်ထုတ်ပြီး ပိတ်ပင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း အစိုးရက စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

ယခုနှစ် ဒီဇင်ဘာလတွင် အသက် ၁၆ နှစ်အောက်ရှိသူများအား ဆိုရှယ်မီဒီယာသုံးစွဲခွင့် ပိတ်ပင်သည့် ဥပဒေသည် နိုင်ငံအတွင်း အသက်ဝင်မည်ဖြစ်သည်။ ဥပဒေအရ ဆိုရှယ်မီဒီယာလုပ်ငန်းများအနေဖြင့် အသက် ၁၆ နှစ်အောက်ရှိသူများ၏ ဆိုရှယ်မီဒီယာအကောင့်များကို ပိတ်ပင်ရမည်ဖြစ်ကာ ယင်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တာဝန်ရှိသူများအား အသိပေးရမည်ဖြစ်သည်။

ဩစတြေးလျပါလီမန်တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက အတည်ပြုခဲ့သည့် ၎င်းဥပဒေအရ အသက် ၁၆ နှစ်အောက် ရှိသူများအား ဆိုရှယ်မီဒီယာသုံးစွဲခွင့် ပိတ်ပင်ရန် ပျက်ကွက်သည့် ဆိုရှယ်မီဒီယာလုပ်ငန်းများသည် ဩစတြေးလျဒေါ်လာ ၄၉ ဒသမ ၅ သန်းဒဏ်ဆောင်ရမည် ဖြစ်သည်။ မိမိတို့အနေဖြင့် အသက် ၁၆ နှစ်အောက်ရှိ ကလေးများအား အွန်လိုင်းမှ နှောင့်ယှက်သူများ၏ ရန်မှ ကာကွယ်ရေးအတွက် အဓိပ္ပာယ်ရှိသည့် ဆောင်ရွက်ချက်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီး အနီကာဝဲလ်က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# နမီးဘီးယားနိုင်ငံ၌ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး သီတင်းပတ်ကျင်းပ

ဝင်းဒေါ့စ် စက်တင်ဘာ ၁၆

နမီးဘီးယားနိုင်ငံ မြို့တော်ဝင်းဒေါ့စ်တွင် ၂၀၂၅ ခုနှစ် ကာဗွန်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးသီတင်းပတ်ကို စက်တင်ဘာ ၁၅ရက်ကကျင်းပသည်။

ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနှင့် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးနိုင်ရန် အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး သီတင်းပတ်တွင် လျှပ်စစ်ကား ပြပွဲများပြသခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။ ယခု ကျင်းပသည့် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး သီတင်းပတ်အစီအစဉ်သည် ဝင်းဒေါ့စ်ဒေသခံများ ကြုံတွေ့နေရသည့် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားခြင်းနှင့် လေထုအရည်အသွေးဆိုင်ရာ အခက်အခဲများကို လက်တွေ့ကျသည့် ဖြေရှင်းဆောင်ရွက်ချက်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးတာဝန်ရှိသူ ပီယာဗန် ရန်စ်ဗတ်က ပြောကြားသည်။ ဒေသခံများအား ကာဗွန်ထုတ်လွှတ်မှု လျှော့ချသည့် နည်းလမ်းများဖြစ်သည့် စက်ဘီးစီးခြင်းနှင့် လမ်းလျှောက်ခြင်းတို့ကို ဆောင်ရွက်ကြရန် ၎င်းက ပြောကြားသည်။ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးအတွက် ဝင်းဒေါ့စ်မြို့တွင် လျှပ်စစ်ကားအားသွင်းရုံတစ်ခုကိုလည်း စတင်ဖွင့်လှစ်ခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၉-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၂၅ | ၃၀၃၅ | ၃၀၀၅ | ၂၉၄၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၇၅ | ၂၉၉၅ | ၄၅၀၅ | ၃၂၉၀ | ၃၀၁၀ | ၃၀၁၅ | ၃၀၈၅ | ၃၀၅၀ | ၃၀၇၀ | ၃၃၂၅ |
| 95 Ron | ၂၉၉၅ | ၃၁၀၅ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၄၅ | ၃၀၆၅ | ၄၅၆၀ | ၃၃၆၀ | ၃၀၈၀ | ၃၀၈၅ | ၃၁၅၅ | ၃၁၂၀ | ၃၁၄၀ | ၃၃၉၅ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၉၀ | ၂၆၅၅ | ၂၅၉၀ | ၂၆၉၅ | ၂၇၁၀ | ၂၇၂၅ | ၂၆၄၅ | - | ၂၉၄၀ | ၂၆၆၀ | ၂၆၆၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၂၀ | ၂၉၇၅ |
| HSD (50 ppm) | ၃၁၇၅ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၁၇၅ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၅၆ | ၂၈၄၅ |
| 95 Ron | ၂၈၂၄ | ၂၉၁၄ |
| HSD (500 ppm) | ၂၄၁၈ | ၂၄၉၆ |
| HSD (50 ppm) | ၂၉၉၈ | ၃၀၈၇ |
| HSD (10 ppm) | ၂၉၉၈ | ၃၀၈၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# မိုးနှောင်းဝါနှင့်မြေပဲ လျာထားဧက ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ညှိနှိုင်းစည်းဝေး

မန္တလေး စက်တင်ဘာ ၁၆

သမဝါယမအသင်းများပိုင် မြေယာများ၌စိုက်ပျိုးသည့် မိုးနှောင်းဝါနှင့် ဆီထွက်သီးနှံ မြေပဲလျာထားဧကပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ရှင်းလင်းပြောကြား

အစည်းအဝေးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ပြည့်စိုးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း စီမံကိန်းသီးနှံများဖြစ်သော မိုးနှောင်းဝါနှင့် ဆီထွက်သီးနှံဆောင်းမြေပဲ လျာထားဧက ပြည့်မီရေး၊ အောင်မြင်စွာစိုက်ပျိုးနိုင်ရေး၊ အထွက်ကောင်း မျိုးကောင်း မျိုးသန့်များ အသုံးပြုစိုက်ပျိုးရေး၊ သွင်းအားစုများ သတ်မှတ်နည်းစနစ်အတိုင်း သုံးစွဲရေးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီး၌ ဆိုက်ဘာလုံခြုံရေးဆိုင်ရာအလုပ်ရုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး၌ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် e-Goverment ဦးဆောင်ကော်မတီဥက္ကဋ္ဌ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးကျော်ကျော်အုန်း Chief Information Officer (CIO)မှ အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နည်းပညာအကြံပေး ဦးဌေးလင်းက Information Security ခေါင်းစဉ်ဖြင့် ဌာနများကြုံတွေ့နိုင်သော ကျိုးပေါက်မှုများ၊ ကာကွယ်ရန်နည်းလမ်းများနှင့် မိမိတို့ဌာနများအတွက် ဆိုက်ဘာလုံခြုံရေး စီမံချက်ရေးဆွဲနည်းကို မျှဝေရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် တက်ရောက်လာသူများက အုပ်စုလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ကျော်(ပြန်/ဆက်)**



# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်မြတ်သူဇာက အဖွင့်အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်ဝင်းမူက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းတွင် ဦးစီးအရာရှိ ဒေါ်ခင်ဝင်းမူ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်ငြိမ်းအေးထွဋ်နှင့် အထက(၁၄)၊ အထက(၄)၊ အထက(၅)၊ အထက(၁)၊ အထက(၁၇)၊ အထက(၁၀)တို့မှ ကျောင်းသား ကျောင်းသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# လစာဝင်ငွေခွန်ဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)က လစာဝင်ငွေခွန်ဆိုင်ရာသိကောင်းစရာများခေါင်းစဉ်ဖြင့် အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ရန်ကင်းမြို့နယ်ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂)မှ ဌာနမှူး ဦးမောင်မျိုးက အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရဲသီရိအောင်က လစာဝင်ငွေခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ ယင်းအခွန်ဆိုင်ရာရှင်းလင်းပွဲသို့ ကုမ္ပဏီ ၃၇၀ မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုထက်**

# ကံမမြို့နယ်အတွင်း မီးဘေးလုံခြုံရေးစစ်ဆေး

ကံမ စက်တင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေးစစ်ဆေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကံမမြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲညွန့်ဦးဆောင်သည့် သန္တေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များသည် ကံမမြို့နယ်ရှိရပ်ကွက် /ကျေးရွာများတွင် မီးသတိမူရေး ဆော်သြခြင်းလုပ်ငန်းများနှင့် စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လင်းခန့်**



# သုံးခွမြို့နယ်၌ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိစေရေး အသိပညာပေး ကွင်းဆင်းဆောင်ရွက်

သုံးခွ စက်တင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသော သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လက်ပံကျေးရွာ SMU ခန်းမတွင် သန်လျင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူးနှင့် အဖွဲ့က ယမန်နေ့နံနက် ၁၀ နာရီတွင် ကျေးရွာနေပြည်သူများအား အသိပညာပေးဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။



ဦးစွာ သန်လျင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ကျော်နိုင်က မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဓာတ်မြေသြဇာများ စနစ်တကျ အချိုးကျ၊ အချိန်ကိုက် ကြဲပက်ရန်နှင့် သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲရန်၊ အထွက်နှုန်းကောင်းသည့်မျိုးများ စိုက်ပျိုးရန်၊ ပဲတီစိမ်းသီးနှံ ပိုးသတ်ဆေး ဓာတ်ကြွင်း မပါဝင်ရေးအတွက် လိုက်နာရမည့် အချက်များကို ဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတင်မြင့်အောင်က သီးနှံများအထွက်နှုန်းရရှိအောင် ဆောင်ရွက်ရမည့် နည်းလမ်းများကို ပြောကြားသည်။ အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ကျေးလက်နေတောင်သူ ၄၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ အမှတ်(၃)လမ်းဆုံ အမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ်ရွှေမောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက လှည်းကူးမြို့နယ်ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းစဉ်။ ကိုရဲ





(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်က ဘောနီအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူးရဲအုပ် ဇော်မင်း ဦးဆောင်၍ ဒိုက်ဦးမြို့နယ် ဘောနီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ကျော်ကျော်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၄)ရထားရဲတပ်ဖွဲ့ခွဲ ဌာနချုပ်တပ်ခွဲ(ပုဂံ) ကွပ်ကဲမှုအောက်ရှိ ပြည်ရထားရဲစခန်းမှ ရဲအုပ်ကျော်ကျော်ထွန်း ဦးစီးသော တပ်ဖွဲ့ဝင်များက ပြည်မြို့ ခုတင် (၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက စုပေါင်းသွေးလှူဒါန်းစဉ်။ ခရိုင်(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗဟန်းမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ရွှေနန်းယန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr. Antonio Guterres ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည့် ဗီဒီယို၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ရိုက်ကူးထားသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက်ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**







**သထုံ**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက လိပ်အင်းရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများနှင့် ကမ္ဘာ့ပူနွေးမှု မြင့်မားစေသည့် ဟိုက်ဒရိုဖလူရိုကာဗွန်(HFCs) အမျိုးအစား အအေးပေးဒြပ်ပစ္စည်းများ သုံးစွဲမှုကိုလျှော့ချထိန်းချုပ်ရန်နှင့် နောင်လာမည့် နှစ် ၄၀ ကာလအတွင်း အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာလုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်ကြစေရေး ဆွေးနွေးအမှာစကား ပြောကြားသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့် သထုံခရိုင် ကျောင်းပေါင်းစုံ စာစီစာကုံးပြိုင်ပွဲမှ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**မြိတ်**

၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြင်းမိုရ်ကိုယ်ပိုင် အထက်တန်းကျောင်း၌ စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲက မြိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူးကျင်းပသည်။

အခမ်းအနားတွင် မြိတ်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လွင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နှင်းယုလွင်က အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများအကြောင်းနှင့် အိုဇုန်းလွှာထိခိုက်ပျက်စီးခြင်း၏ အကျိုးသက်ရောက်မှုများ၊ အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရန် နည်းလမ်းများကို အသိပညာပေးပြောကြားသည်။

ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

**ညောင်ဦး**

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က အမှာစကားပြောကြားသည်။ ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် UNEP ၏ အမှုဆောင်ဒါရိုက်တာတို့ကပေးပို့သော ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် Video Message နှင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး Video Clip တို့ကို ပြသပြီး ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ဆုရရှိသူများအား ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြသထားသောအသိပညာပေးပိုစတာ/ဘုတ်များ၊ပတ်ဝန်းကျင်အရည်အသွေးတိုင်းတာရေးကိရိယာများနှင့် ဆုရစာမူများ၊ ပိုစတာ/ ဘုတ်များကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**မိတ္ထီလာ**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက စီစဉ်ကျင်းပသော ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက အထက(၁) ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာက ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Video Message နှင့် UNEP မှ အမှုဆောင်ဒါရိုက်တာ၏ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Video Message တို့ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသူ ကျောင်းသားများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။ **ချမ်းသာ(မိတ္ထီလာ)**



**ပြင်ဦးလွင်**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးက ဦးဆောင်၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှိ ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဟန်နီသင်းက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံ၊ အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်များ၊ အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျောင်းပေါင်းစုံမှ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် မူလတန်းအဆင့် ဆေးရောင်စုံပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပိုစတာများ၊ ဘုတ်များ၊ ဆုရရှိထားသော စာစီစာကုံးနှင့် ပန်းချီများအား တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား Recycle Bag နှင့် ပျိုးပင်ပေါက်များ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေး အသိပညာပေးဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော "အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး" အကြောင်းအရာဖြင့် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်မိုးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမဉ္ဇူတို့က အိုဇုန်းလွှာတည်ရှိမှုနှင့် ကမ္ဘာမြေနှင့် သက်ရှိများအတွက် အကာအကွယ်ပေးမှု၊ အိုဇုန်းလွှာပျက်စီးစေသော အကြောင်းရင်းများနှင့် အိုဇုန်းလွှာပျက်စီးမှု ထိန်းသိမ်းကာကွယ်ရန် ကမ္ဘာတစ်ဝန်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **အေးမဉ္ဇူ**

# မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သော ဘုရားစေတီများ ပြန်လည်ပြုပြင်မွမ်းမံရန် အလှူငွေပေးအပ်

**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သော ဘုရားစေတီတော်များ ပြန်လည်ပြုပြင် မွမ်းမံရန် အတွက် မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးက အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား တောင်ဘက်မုခ် အာရုံခံမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ မန္တလေးမြို့ အခြေစိုက် တရုတ်နိုင်ငံကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် Ms. Gao Ping နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး သာသနာရေးဦးစီးဌာနမှူး၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)၊ အသင်းခွဲ (မန္တလေး)ဥက္ကဋ္ဌ၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ ကော်မတီဝင်များ၊ ကုသိုလ်တော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သော ဘုရားစေတီတော်များ ပြန်လည်ပြုပြင်ရန်အတွက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ်နှင့်တာဝန်ရှိသူများက အလှူငွေကျပ် ၁၀၃၅၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းနှင့် အမှတ်တရ ကျောက်မျက်ပန်းချီကားအား ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






# ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များနှင့်အညီ စိုက်ပျိုးရေးသွင်းအားစုများ ရောင်းချရေး ဆွေးနွေး

**ရမည်းသင်း စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး အဆင့် ကြီးကြပ်စစ်ဆေးရေးအဖွဲ့သည် ရမည်းသင်းခရိုင်ဦးစီးမှူးရုံး၌ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များနှင့်အညီ စိုက်ပျိုးရေး သွင်းအားစုများရောင်းချရေး ဆွေးနွေးပွဲကို ယနေ့နံနက်တွင် ကျင်းပ သည်။

ဆွေးနွေးပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ၊ မျိုးစေ့တာဝန်ခံနှင့် သီးနှံကာကွယ်ရေးတာဝန်ခံတို့က မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေး ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များကို ရှင်းလင်း ဆွေးနွေးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒလမြို့နယ်၌ တောင်သူများအား ဓာတ်မြေဩဇာပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး ဓာတ်မြေဩဇာကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဖြန့်ဖြူးသော နိုင်ငံ့စီးပွားပြင်ပတောင်သူများအား ဓာတ်မြေဩဇာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရဲချောင်းဝ ကျေးရွာအုပ်စု ဒလ-ခနော်ကားလမ်းမဘေး၌ ကျင်းပ သည်။




ဦးစွာ တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က အဖွင့်အမှာစကား ပြောကြား သည်။ ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထိန်လင်းဟန်က မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိရေး သွင်းအားစု ထည့်သွင်းခြင်းနှင့် အောင်နိုင်တိုး စပါးမျိုးသစ်အကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ဝန်ကြီးဌာန ကိုယ်စားပြု ခရိုင်ရုံး၊ ခရိုင်ဦးစီးမှူး ဦးခင်မောင်မြင့်က လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဖြန့်ဖြူးသော ဓာတ်မြေဩဇာများကို တောင်သူများသို့ ပေးအပ်ခဲ့ပြီး အောင်နိုင်တိုး စပါးမျိုးသစ် စံပြကွက်စိုက်ပျိုးထားသော တောင်သူဦးဝင်းမြင့်၏ စိုက်ကေငါးကေ စံပြစိုက်ခင်းအား ဓာတ်မြေဩဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရ သည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**

# တောင်ဥက္ကလာပမြို့နယ်၌ နည်းစနစ်မှန် သွားတိုက်ခြင်းလှုပ်ရှားမှု ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်တွင် ယနေ့နံနက်ပိုင်းက After Lunch tooth-brushing activity ကို မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများ၌ ဆောင်ရွက် သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(သွားကျန်းမာ)ဒေါက်တာ ကွန်စတန် ဦးဆောင်၍ အနောက်ပိုင်းဆေးရုံကြီးမှ သွားနှင့်ခံတွင်းဆရာဝန်သုံးဦး၊ သာကေတ သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီးမှ သွားနှင့်ခံတွင်း ဆရာဝန်နှစ်ဦးနှင့် တောင်ဥက္ကလာပမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများပူးပေါင်း၍ အမှတ်(၆)အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ် (၁၈)အခြေခံပညာမူလတန်းကျောင်းတို့တွင် နည်းစနစ်မှန်သွားတိုက်ခြင်းအမူအကျင့် စွဲမြဲပြီး သွားနှင့်ခံတွင်းရောဂါများ ကာကွယ်နိုင်စေရေး ရည်ရွယ်ချက်ဖြင့် After Lunch tooth-brushing activity ကို ဆောင်ရွက်ခြင်းဖြစ်သည်။



ထို့ပြင် မူလတန်းကျောင်းသား ကျောင်းသူများအား ကျန်းမာရေး အသိပညာပေးခြင်း၊ KG ကျောင်းသား ကျောင်းသူများအား အုပ်စုဖွဲ့၍ စနစ်မှန် သွားတိုက်နည်း လက်တွေ့သရုပ်ပြသင်ကြားခြင်း၊ ကျောင်း ကျန်းမာရေးစစ်ဆေးခြင်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**သက်မင်းဟန်(ပြန်/ဆက်)**



# အင်္ဂပူမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုကွင်းဆင်းစစ်ဆေး

**အင်္ဂပူ စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်း၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားမှုများကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး သည်။

အဆိုပါကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက အော်တိုအိတ်ချိန်းအဆောက်အအုံအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်မှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တွံတေးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**တွံတေး စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ဟောပြောပွဲ၊ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲများနှင့် ဂိမ်းကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက အထက(ခွဲ) (တန်းလျားလေး)၌ ကျင်းပသည်။



## အသိပညာပေးဟောပြော

အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုပိုက အမှာစကားပြောကြားပြီး စာရေးစာဆရာ ဦးဝင်းထွဋ်(ဝင်းထွဋ်ဦး-တွံတေး)က စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့နယ် ဘုရားကြီးမြို့ ဘောနတ်ကြီးအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး မြင့်နိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်၊ မိသားစုများနှင့် ဘောနတ်ကြီးအမြန်လမ်း မီးသတ်တပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ် စစ်ပင်ဆိပ်ကျေးရွာ ရွာဦးဘုန်းကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ သက်ဖြိုးကြိုင်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်ပဲခူးတိုင်းဒေသကြီး အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ရဲအုပ်စောမြင့်ဇော်နှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၅ ရက်က မြို့ချောင်းကျေးရွာရှိ ဒညင်းကုန်းကျောင်းတိုက်ဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖြူးအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူးဒုတိယရဲမှူးကျော်စိုးဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက အမြန်လမ်းမကြီးအနီး စေတီ(၁၀၀၀)ဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

နေမျိုးလွင်(ပြန်/ဆက်)



(၆၁)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက မှော်ဘီဘန့်ဘွေးကုန်းကျေးရွာအုပ်စု ဘုရားလမ်းရှိပြည်တော်ပြန်သမိုင်းဝင် ကျိုက်ဒေးဒလွန်ဘုရားစောင်းတန်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးငွေတင် ဦးစီး၍ ဒုတိယခရိုင်မှူး ရဲမှူးတင်အေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးအောင်သိန်း၊ ထန်းတပင်မြို့နယ် ရဲမှူးခင်စိုးနှင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ကောင်းမြတ်သူ(မှော်ဘီ)

# ပျော်ဘွယ်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးထားမှု ကွင်းဆင်းကြည့်ရှု

**ပျော်ဘွယ် စက်တင်ဘာ ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(စီးပွား) ဦးအောင်ပြည့်စိုးနှင့် မြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများသည် စက်တင်ဘာ ၁၅ ရက်က မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပင်စုကျေးရွာ ဝင်းရွှေဝါ လယ်/ထွေ သမဝါယမအသင်းသား တောင်သူ၏ ရှုရှားသဘာဝအားဆေး သုံးစွဲစိုက်ပျိုးထားသည့် အောင်နိုင်တိုး မိုးစပါးစိုက်ခင်းကို ကွင်းဆင်းကြည့်ရှုအားပေးသည်။



ထို့ပြင် ဒုတိယညွှန်ကြားရေးမှူးချုပ်(စီးပွား)သည် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း စီမံကိန်းသီးနှံများဖြစ်သော မိုးနှောင်းဝါနှင့် ဆီထွက်သီးနှံ ဆောင်းမြေပဲ လျာထားဧကပြည့်မီရေး၊ အထွက်နှုန်းတိုးသည့် မျိုးကောင်း၊ မျိုးသန့်များ၊ စိုက်ပျိုးရေးသွင်းအားစုများ သတ်မှတ်နည်းစနစ် အတိုင်း သုံးစွဲရေး၊ စီမံကိန်းသီးနှံများ အထွက်နှုန်းတိုးစေမည့် မျိုး၊ မြေ၊ ရေ၊ နည်းစနစ်အတိုင်း စနစ်တကျ ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ငွေကြယ်

# အင်းစိန်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်သူများအား ပညာရည်ချွန်ဆုချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ ရောဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်နှင့် အသင်းနာယက၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး) တို့က အမှာစကားများပြောကြား၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာရည်ချွန်ဆုရရှိခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင်ငါးဦး၊ Grade-10 မှ ထပ်ဆင့်လူရည်ချွန်တစ်ဦး၊



နိုင်ငံတကာအဆင့်မီ ပန်းချီပညာရှင်တစ်ဦးနှင့် အလယ်တန်းအဆင့် ထူးချွန်ဆုများကို ကျောင်းမိဘဆရာအသင်း နာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာမများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြင့်ဦး

# ဘားအံမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးနေမှုများ ကွင်းဆင်းကြည့်ရှု

**ဘားအံ စက်တင်ဘာ ၁၆**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း မိုးစပါးစီမံကိန်းတွင် ပါဝင်သော ကော့တရုတ်ရကျေးရွာ တက်သစ်စ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း၏ လယ်ယာလုပ်ငန်းခွင်တွင် အောင်နိုင်တိုးမိုးစပါး စိုက်ပျိုးနေမှုကို ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးပွင့်နှင့် တာဝန်ရှိသူများ ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုကြသည်။



ဘားအံမြို့နယ်သည် ဒေသရေမြေအနေအထားအရ ရေကျနောက်စိုက်စပါး စိုက်ပျိုးလျက်ရှိပြီး စိုက်ခင်းများ၌ ပိုးမွှားများ ကျရောက်မှုမရှိစေရေး၊ မြေဩဇာသွင်းအားစုများ အချိန်ကာလအလိုက် စနစ်တကျထည့်သွင်းနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိပြီး တောင်သူများ ဝင်ငွေတိုးပွားစေရေးနှင့် စိုက်ပျိုးစဉ်ကာလအတွင်း လိုအပ်ချက်များကို ဦးစီးဌာနသို့ အချိန်မီတင်ပြနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရန်ကင်းမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁၆)ရပ်ကွက်နေပြည်သူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အသက် ၁၆ နှစ်မှ ၁၈ နှစ်ကြား၊ အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား မြေပြင်ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကင်းမြို့နယ် ဦးစီးမှူးရုံးမှ လဝကမှူး ဒေါ်စောသန္တာလင်းနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)



# ပြင်ဦးလွင်မြို့၌ ဒစ်ဂျစ်တယ် အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းဖွင့်

**ပြင်ဦးလွင် စက်တင်ဘာ ၁၆**

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူးကျင်းပသည့် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ဒစ်ဂျစ်တယ်အသိပညာ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဆင်းပွဲကို ယမန်နေ့က ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မိုးလှိုင်က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သင်တန်းတွင် တက်ရောက်လာသော လုပ်ငန်းရှင်တို့အား ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ဗဟုသုတများ၊ Online Registration သိကောင်းစရာများ၊ Cyber Security နှင့် ပတ်သက်သော အကြောင်းအရာများ၊ SSID e-commerce website ဝင်ရောက်အသုံးပြုပုံ၊ Food Safety နှင့် Online Sale မှတ်ပုံတင်ခြင်း အကြောင်းအရာတို့ကို သင်တန်းနည်းပြများက ပို့ချခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၁၆**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူများ၏ စာဖတ်ဝိုင်းပြုလုပ်နေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး မြို့နယ်စာပေချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ တိုင်းရင်းသားရိုးရာအကအလှများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များနှင့် ပြိုင်ပွဲများပြုလုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် စက်တင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် မြန်မာ့သနပ်ခါး လိမ်းခြယ်မှုဓလေ့" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (စက်တင်ဘာလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ကျော်နန္ဒအောင်၊ မောင်ခင်ညို(မန်းတက္ကသိုလ်)တို့၏ "ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် မြန်မာ့သနပ်ခါး လိမ်းခြယ်မှုဓလေ့" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ညီမော်သိမ်း၊ ထက်ဝေအောင်(စစ်ကိုင်း)၊ မြသာဝင်း၊ ညီညီဖေ၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)၊ ကိုကိုအောင်(အလုပ်သမား)တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ စန်းနီလာဝင်း၊ ရှင်စောဖြူတို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ အေးထွန်းမင်း၊ မြသိန်း၊ စောနိုင်(အသုံးချဘောဂဗေဒ)၊ ဒေါက်တာသန်းထွဋ်တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ စီးပွားရေးဆိုင်ရာဆောင်းပါး၊ ရန်ကုန်ဌေးဇော်၏ မူးယစ်ဆေးဝါးဆိုင်ရာဆောင်းပါး၊ ရဲရင့်နဒီ၏ ကလေးအလုပ်သမားဆိုင်ရာဆောင်းပါး၊ နေ၏ လူကုန်ကူးမှုဆိုင်ရာဆောင်းပါး၊ ဒေါက်တာမြင့်သန်း၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ပါမောက္ခ ဦးသိန်းလှိုင်၊ စိုးစိုး(ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ ရဲထက်ဇော်၊ ဒေါက်တာစန်းဦး၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် (၈၆)လမ်း (၂၁)လမ်းနှင့် (၂၂)လမ်းကြား မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို လက်ရည်ဆန်းစစ် မြားပစ်ပြိုင်ပွဲ ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၆**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသော မြားပစ်အားကစားသမားများ၏ လက်ရည်ဆန်းစစ်မြားပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ကျိုက္ကဆံမြားပစ်ကွင်း၌ ကျင်းပသည်။

ဦးစွာ လက်ရည်ဆန်းစစ်မြားပစ်ပြိုင်ပွဲ အစမ်းလေ့ကျင့်ပစ်ခတ်ခြင်း ပြုလုပ်ပြီး ဗိုလ်လုပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ Recurve တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊Compound တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ Recurve Mixed Team ပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆုရရှိသူများ၊ Compound Mixed Team ပြိုင်ပွဲတွင် ပထမဆုရရှိသူများအား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးနှင့် ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**လင်းရာမ**




# ဝေါမြို့နယ်၌ အသက် (၂၅)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ဝေါ စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ၂၀၂၅ ခုနှစ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက်(၂၅)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲတွင် ကျိုက်လှတိုက်နယ် အမျိုးသမီးဘောလုံးအသင်းနှင့် ညောင်ခါးရှည်တိုက်နယ်အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ ရှေ့တန်းကစားသမား အကောင်းဆုံးဆု၊ အလယ်တန်းကစားသမားအကောင်းဆုံးဆု၊ နောက်တန်းကစားသမားအကောင်းဆုံးဆု၊ ဂိုးသမား အကောင်းဆုံးဆုတို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

✻ မြန်မာအမျိုးသမီးလိဂ်မှ

လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းသည် လေးလဝန်းကျင်ပြိုင်ပွဲရပ်နားပြီး ပြန်လည်ကျင်းပချိန်တွင် နိုင်ပွဲဆက်နေပြီး ချန်ပီယံဆုကာကွယ်နိုင်ရန် ဇယားထိပ်ပိုင်းမှအသင်းများကို ဖိအားပေးနိုင်ခဲ့သည်။ ယခုရာသီတွင် ခြေစွမ်းပိုင်းတိုးတက်လာသည့် ရှမ်းယူနိုက်တက်အသင်းသည် အား/ကာသိပ္ပံအသင်းကို အကောင်းဆုံးတုံ့ပြန်နိုင်သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့် တစ်ဂိုးတည်းဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး အပြန်အလှန် တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသော်လည်း ၅၁ မိနစ်တွင် အား/ကာသိပ္ပံအသင်းက အနိုင်ဂိုးရခဲ့ပြီး ရွှေရည်ထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်(၇) ဒုတိယနေ့ကို စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး YREO အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MWL**

## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ

**(၂၂)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းဂဏန်း(၅)လုံးသိန်းဆုထီပေါက်စဉ် ၂၀၂၅ ခုနှစ် စက်တင်ဘာ လ (၁၆) ရက်နေ့**

အောင်ဘာလေအွန်လိုင်းသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

**Jackpot ဆုမဲစနစ် ကျပ်သိန်း (၂၀၀၀)ဆု**

ပ - ၇၆၈၆၂

ကံထူးရှင်(၁)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ**

နု - ၃၅၇၄၀

ကံထူးရှင်(၁)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ**

လ - ၉၃၄၉၂

ကံထူးရှင်(၁)ဦး

**ဆုတစ်ဆုချင်း ကျပ်(၁၀၀)သိန်းဆုများ**

ဆ - ၃၇၆၂၉
ယ - ၉၈၅၃၈

ကံထူးရှင်(၂)ဦး

**ဆုတစ်ဆုချင်း ကျပ်(၅၀)သိန်းဆုများ**

ဂ - ၃၂၂၇၁ အ - ၇၉၁၇၇
ထ - ၇၈၁၇၇

ကံထူးရှင်(၃)ဦး

**ဆုတစ်ဆုချင်း ကျပ်(၂၀)သိန်းဆုများ**

ဇ - ၃၃၂၉၆ ဆ - ၅၉၇၆၀
တ - ၄၆၇၇၀ ပ - ၆၂၂၁၃

ကံထူးရှင်(၄)ဦး

**ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ**

ယ - ၁၀၈၉၂ ပ - ၁၃၁၇၂ ဟ - ၆၇၁၄၆
စ - ၁၂၃၇၉ ယ - ၂၂၅၂၆ အ - ၈၀၄၄၂

ကံထူးရှင်(၆)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၂)သိန်းဆုများ(၄)ယူနစ်**

တ - ၃၀၁၈ ဖ - ၆၂၄၉
ဂ - ၅၇၆၃ ထ - ၇၇၀၀

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၂)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၁)သိန်းဆုများ(၄)ယူနစ်**

မ - ၂၀၄ စ - ၂၆၄
ယ - ၂၅၀ ဟ - ၅၈၁

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၂၂၀)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၅)သောင်းဆုများ(၄)ယူနစ်**

နု - ၂၉ ပ - ၆၄
လ - ၅၁ ရ - ၈၁

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၂၂၀၈)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၁)သောင်းဆုများ(၅)ယူနစ်**

က - ၁ လ - ၃ စ - ၇ နု - ၇ ဖ - ၈

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံးအစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၂၉၆၄၇)ဦး

၁။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ လ (၁၆)ရက်နေ့တွင် ကျင်းပသည့် (၂၂)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်း ဂဏန်း ၅လုံး သိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ ( ၃၂၁၁၅ )ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် ( ၃၂၁၁၅ )ဦး ဖြစ်ပါသည်။
၂။ မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုးအား ပြန်လည်အစားထိုးဖွင့်လှစ်ပေးခဲ့ပါသည်။
၃။ (၂၂)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းအထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၁၇-၉-၂၀၂၅ ) ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျပ်(၁၀)သိန်းနှင့်အောက် ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ထီကံစမ်းသူ၏ထီကံစမ်းသယ်ယူရာတွင် အသုံးပြုပေးချေခဲ့သည့် ငွေပေးချေမှုစနစ်မှတစ်ဆင့် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။
၄။ ကျပ် (၁၀) သိန်း အထက် ထီဆုငွေများကို ထီဆုငွေကံထူးရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ် မူရင်း/ မိတ္တူ၊ သို့မဟုတ် Passport မူရင်း/မိတ္တူ၊ သို့မဟုတ် Foreigner Registration Certificate(FRC) မူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် Passport အရွယ်အစားဓာတ်ပုံ (၃)ပုံ၊ Application တွင် ထီကံစမ်းခဲ့ကြောင်း အထောက်အထားထီလက်မှတ်နှင့် Screenshot မိတ္တူ၊ ထီကံထူးကြောင်းပေးပို့သည့် စာတို (SMS)နှင့် Screenshot မိတ္တူ၊ ထီဆုငွေထုတ်ယူရန် ပေးပို့ထားသော လျှို့ဝှက်ကုတ်ပါဝင်သည့် စာတို (SMS)နှင့် Screenshot မိတ္တူ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းတွင်ရှိသော တိုက်အမှတ်(၅၄၉)၊ အခန်းအမှတ်(၄၀၁)အား အမည်ပေါက် ဦးသန်းဝင်း [၁၂/ပဘတ(နိုင်)၀၁၅၁၆၁]ထံမှ ဒေါ်သန္တာလင်း [၁၂/ကခက(နိုင်)၁၁၄၉၄၅]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကျုန်စစ်မင်းအပိုင်း(၂)အိမ်ရာ တိုက်အမှတ်(၃၁)၊ အခန်းအမှတ်(၃၀၂)အား အမည်ပေါက် ဦးကျော်ဝင်းတင်[၇/ဒဥန(နိုင်)၀၀၂၃၉၉]ထံမှ ဒေါ်နော်ဂေးဝါးမူး [၁၄/ရကန(နိုင်)၁၂၆၂၅၃]က စာချုပ်စာတမ်းဖြင့်ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

### "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

**"ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/မာန်ပြေ)၊ (၃)မာန်ပြေရပ်ကွက်၊ မာန်ပြေ(၁၀)လမ်းအနောက်၊ အမှတ်(၄၂၁)၏(၄၀x၆၀)ပေရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ (၅)လွှာ(A-5) (စတုတ္ထထပ်)ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း(၁၇x၅၄)ပေရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်"**တို့အား လက်ရှိထားပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိသော **ဒေါ်အိမြတ်ဖြူ** [၈/မကန(နိုင်)၁၆၆၉၂၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော **ဦးသန်းဌေးအောင်** [၉/ညဥန(နိုင်)၂၅၄၃၆၁]နှင့် **ဒေါ်အေးမြတ်မိုး**[၁၂/လသန(နိုင်)၀၂၁၅၂၉]တို့မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် (၇)ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဌေးအောင် နှင့် ဒေါ်အေးမြတ်မိုးတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိခိုင် (LL.B) (စဥ်-၁၆၀၇၅) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၂၄၆)၊ နတ်စင်ကန်ပေါင်လမ်း၊ မြို့မ(၃)ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-254405798, 09-785610847**

### အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅/တပင်ရွှေထီးရပ်၊ လူနေရပ်ကွက်အမှတ်-တပင်ရွှေထီးရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ကေရှိ မြေကွက်အမှတ်-ပစ(C)၃၅၄၁ ၏ နှစ်(၃၀)မြေငှားစာချုပ်(မူရင်း)ပျောက်ဆုံးသွားသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးပါရန် မြေကွက်အမည်ပေါက် ဒေါ်သန်းသန်းရွှေ(ဘ) ဦးကျော်ရင်[၁၄/မအပ(နိုင်)၂၆၉၂၅၅]မှ လျှောက်ထားလာမှုအား ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ပါ၍ မူလကထုတ်ပေးထားသည့် ပျောက်ဆုံးသွားသော မြေငှားစာချုပ်အမှတ်၊ ပုဗ္ဗသီရိ/သစ်-၂၀၃၄/၂၀၂၃-၂၀၂၄၊ ဒေါ်သန်းသန်းရွှေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်(မူရင်း)ကို မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ "လှိုင်"ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ်(၂၈၃) နေ ဒေါ်အေး [၃/ကကရ(နိုင်)၀၆၁၈၄၈]၏ သမီး မသန်းသန်းအေး [၃/ကကရ(နိုင်)၂၅၄၂၈၄]သည် မိခင်ကြီးအား အကြိမ်ကြိမ်စိတ်ထိခိုက်စေသည့် ကိစ္စရပ်များကိုပြုလုပ်ပြီး နေအိမ်မှ မိမိသဘောဖြင့် ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မသန်းသန်းအေးနှင့်ပတ်သက်သမျှကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မိခင် ဒေါ်အေး**

### ဖခင်အမည် တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်တုန်းမြို့နယ်၊ အမက (ကျိုက်ပါ)ကျောင်းမှ ကျောင်းအုပ်ကြီး ဆရာမ ဒေါ်မြင့်ဝင်းသန်း [၁၄/ညတန(နိုင်)၁၀၉၃၆၃]၏ ဖခင်အမည်မှာ ဦးငဖား (ခ) ဦးဖားသည် တစ်ဦးတည်းဖြစ်ပါသည်။

**ဒေါ်မြင့်ဝင်းသန်း**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာ၊ တိုက်(၁၀၄)၊ အခန်း(၃)အား အမည်ပေါက် ဦးလှထွန်း[၁၄/ဖပန(နိုင်)၀၉၅၀၉၇] ထံမှ ဦးထွန်းကျော်ဦး [၈/မဘန(နိုင်)၀၇၆၀၅၉]+ဒေါ်ခင်မာ[၁၄/ဖမန(နိုင်)၀၉၀၇၅၄]တို့က စာချုပ်စာတမ်းဖြင့်ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၅/မြို့မအရှေ့ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၁၀)ကေရှိ ဒေါ်စိန်ထိုက်သူ မှတ်ပုံတင်အမှတ် [၁၂/လမန(နိုင်)၀၀၈၈၁၈]၊ အဖအမည် ဦးလှစောအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၁၁၅၄)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၃၅/၂၀၁၇ (၂၆-၁၀-၂၀၁၇)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်ဥမ္မာအောင် မှတ်ပုံတင်အမှတ် [၁၄/လမန(နိုင်)၀၆၉၁၈၃]၊ အဖအမည် ဦးအောင်ဌေးမြင့်မှ ဦးဝင်းမောင် မှတ်ပုံတင်အမှတ် [၁၂/သဃက(နိုင်)၀၀၇၅၃၇]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်ယာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ကေရှိဦးဦးလှိုင် မှတ်ပုံတင်အမှတ် [၁၂/ဒဂန(နိုင်) ၀၁၅၁၇၇]၊ အဖအမည် ဦးသာအေးအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၃၇၅၇)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၆၃၁/၂၀၂၃(၁၃-၆-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ဇင်မာအေး မှတ်ပုံတင်အမှတ် [၁၄/နေဖ(နိုင်)၁၆၀၁၃၃]၊ အဖအမည် ဦးရွှေဌေးမှ ဒေါ်နီလာအောင် [၉/မထလ(နိုင်)၀၇၂၆၂၃]၊ ဦးခိုင်ဇော်ဦး မှတ်ပုံတင်အမှတ် [၉/မလန(နိုင်)၁၁၅၂၉၉]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်ယာယာရေးကော်မတီ**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အ.ထ.က-တကောကန်၊ Grade-11 မှ မသဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝင်း[၇/ကဝန (နိုင်)၁၉၇၃၆၃] ဖြစ်ပါကြောင်း။

**ဦးမောင်ဝင်း**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ လမ်း(၅၀)အိမ်ရာ၊ တိုက်အမှတ်(၂၁/၂၃)၊ အခန်း(၆၀၁)၏ အမည်ပေါက် ဦးနေလင်းအောင် [၁၂/လမန(နိုင်)၁၃၂၂၉၀]ထံမှ ဦးကျော်ထူးစံ [၁၂/လမန(နိုင်)၁၃၂၂၉၃]က စာချုပ်စာတမ်းဖြင့်ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အ.ထ.က-တကောကန်၊ Grade-11 မှ မယုယုဝေ၏ ဖခင်အမည်မှန်မှာ ဦးတင်မိုးနိုင်[၁၂/ခရန (နိုင်)၀၈၄၈၈၉] ဖြစ်ပါကြောင်း။

**ဦးတင်မိုးနိုင်**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Yankin Housing Project အိမ်ရာ၊ တိုက်(၄/၂)၊ အခန်း(၁၁)အား အမည်ပေါက် ဦးဝင်းဖြိုးသိန်း[၆/မအရ(နိုင်)၀၉၆၆၀၀]ထံမှ ဦးတင်အောင် [၇/ဖမန(နိုင်)၀၈၇၇၇၅၆]+ဒေါ်သန်းသန်း[၇/ဖမန(နိုင်)၀၈၇၇၇၅၇]တို့က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ အမှတ်၄-ရပ်ကွက် အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၁၅၆)၊ ဧရိယာ(၀.၀၆၁)ဧကရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးထွန်းထွန်းမှ သက်တမ်းတိုးရန်လျှောက်ထားလာပါသည်။

အဆိုပါမြေကွက်အား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက် အထားများတင်ပြပြီး ယနေ့မှစ၍ စက်တင်ဘာလ(၂၉)ရက်နေ့မတိုင်မီ အမှတ်(၃) ရပ်ကွက်၊ ရေတာရှည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိကန့်ကွက်ခြင်း မရှိပါက မြေငှားဂရန်ထုတ်ပေးရေးကိုလုပ်ထုံးနည်းနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရေတာရှည်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်ရေတာရှည်မြို့နယ်၊ အမှတ်၂-ရပ်ကွက် အကွက်အမှတ်(၄)၊ဦးပိုင်အမှတ် (၈၇)ဧရိယာ(၀.၀၃၄)ဧကရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးလှမြင့်၊ ဦးစိုးအောင်မှသက်တမ်းတိုးရန်လျှောက်ထား လာပါသည်။

အဆိုပါမြေကွက်အားကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက် အထားများတင်ပြပြီး ယနေ့မှစ၍ စက်တင်ဘာလ(၂၉)ရက်နေ့မတိုင်မီ အမှတ်(၃) ရပ်ကွက်၊ ရေတာရှည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေငှားဂရန်ထုတ်ပေးရေးကိုလုပ်ထုံးနည်းနှင့်အညီဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရေတာရှည်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြော်ငြာချက်

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၀/တောင်၊ မြေကွက်အမှတ်- ၁၁၀၃/က၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၁၁၀၃/က)၊ ခိုင်ရွှေဝါ(၄) လမ်း၊ ၁၃/ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမောင်ဝင်း[၁၂/သကတ(နိုင်)၂၂၄၇၉၆]၊ ဦးအေးသောင်း[၁၂/ဒပန(နိုင်)၀၂၆၁၄၅]အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးမောင်ဝင်း[၁၂/သကတ(နိုင်)၂၂၄၇၉၆]၊ ဦးအေးသောင်း[၁၂/ ဒပန(နိုင်)၀၂၆၁၄၅]တို့ ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်းမှာ (၂၀၀၈)ခုနှစ် နာဂစ်မုန်တိုင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ၊ သာကေတမြို့နယ်ရဲစခန်းထောက်ခံစာ၊ အဆိုပါမြေငှားဂရန်မူရင်းမှာ (၂၀၀၈)ခုနှစ်တွင်ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း၊ မြေနှင့်အိမ်အား အခြားမည်သူ တစ်ဦး တစ်ယောက်သို့ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းထားခြင်း၊ အစိုးရဌာနအသီးသီး တွင် အာမခံအဖြစ်တင်သွင်းထားခြင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံကတိ၊ ဂရန်မိတ္တူ၊ နိုင်ငံသား စိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်မည့်သူမရှိသဖြင့် ဂရန် မိတ္တူမှန်ထုတ်ပေးမည်ဖြစ်၍ အမှုတွဲအမှတ်-၁၀(တ)၀၁၇၂/၉၃ အရ(၄-၁၀-၁၉၉၃) ဖြင့် မူလထုတ်ပေးထားသည့် ဦးမောင်ဝင်း[၁၂/သကတ(နိုင်)၂၂၄၇၉၆]၊ ဦးအေးသောင်း[၁၂/ဒပန(နိုင်)၀၂၆၁၄၅]အမည်ပေါက်၊ နှစ်(၆၀)မြေငှား စာချုပ် (ဂရန်)မူရင်းစာအုပ်အား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇန ဥယျာဉ်မြို့တော်၊ (C/၃ လမ်း)၊ တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၂၀၁)၊ (၃)လွှာ၊ အကျယ်အဝန်း (၂၄ ပေ x ၂၆ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်ဝင်း [၁၂/ဗတထ(နိုင်)၀၀၉၇၁၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်ကျိန်ဇင့်ဒိမ့် [၄/တတန(နိုင်)၀၇၆၇၉၂]မှ ဝယ်ယူရန် စရန်ငွေတချို့ တစ်ဝက် ပေးချေပြီးဖြစ်၍ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင် ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိအောင် (LL.B) WIPO**
**အထက်တန်းရှေ့နေ (စဉ်-၅၄၂၈၂)**
**အမှတ်(၉၄)၊ ပါရမီလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၄၂၄၃၈**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဃ)၊ ဝေပုလ္လ(၃)လမ်း၊ မြေကွက်အမှတ်(၁၁၇)၊ အကျယ်အဝန်း(အလျား ၄၀ ပေ x အနံ ၆၀ပေ)ရှိ ဦးမောင်မြိုင်(SDG-၀၄၃၉၈၅)၊ ဦးဟာမြစ်(ISN-၄၆၄၆၈၂)၊ ဒေါ်ပုလေး [၁၂/ဥကမ(နိုင်)၀၃၂၁၀၇]တို့အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန် မြေကွက်ထဲမှ မြေကွက်၏ခြေရင်းဘက်အစွန် (အလျား ၁၀ ပေ x အနံ ၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးမိုး[၁၂/ဥကမ(နိုင်) ၂၁၇၂၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဇာနည်ဖြူ[၁၂/လကန(နိုင်) ၁၈၅၂၅၆]မှ ဝယ်ယူရန် စရန်ငွေ တချို့တစ်ဝက် ပေးချေပြီးဖြစ်၍ အထက်ပါ မြေကွက် နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာ ကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိအောင် (LL.B) WIPO**
**အထက်တန်းရှေ့နေ (စဉ်-၅၄၂၈၂)**
**အမှတ်(၉၄)၊ ပါရမီလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၄၂၄၃၈**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ၊
## စွယ်တော်မြတ်စေတီတော်အနီး
## ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက်
## ဒီပလိုမာ(၁)နှစ် သင်တန်းတက်ရောက်ခွင့်
## လျှောက်လွှာများခေါ်ယူခြင်း

၁။ **အရည်အချင်းသတ်မှတ်ချက်**

(က) ပြည်တွင်းရဟန်းတော်များသည် ဓမ္မာစရိယတန်း အောင်မြင်ပြီး ဖြစ်ရမည်။

(ခ) ပြည်တွင်းသာသနာ့နွယ်ဝင် သီလရှင်များသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိရမည် (သို့မဟုတ်) ဓမ္မာစရိယတန်း အောင်မြင်ပြီး ဖြစ်ရမည်။

